မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ဆောက်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၇ရက်၊ ၂၀၀၈ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၇)၊ အမှတ်(၃၅၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး **H.E. Mr. Hul Phany** အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး **H.E. Mr. Hul Phany** အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ပြည်သူတိုင်းသည် ဥပဒေနှင့်အညီ လွတ်လွတ်လပ်လပ် နေထိုင်လုပ်ကိုင် ပြုမူဆောင်ရွက်ခွင့် ရလိုကြပါသည်။ ဥပဒေ အရိပ်ထဲမှာနေ၍ မိမိတို့၏ စားဝတ်နေရေး၊ ကိုယ်စီ ဘဝ တိုးတက်ရေးကို ဆောင်ရွက်လိုပါသည်။ ထိုအခွင့်အလမ်းများ ရရှိအောင် စီမံပေးသည့် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုအောက်တွင် ပြည်သူများ စိတ်ချမ်းချမ်းသာသာရှိကြပါသည်။

နှင်းဦးခင်၏ ဆောင်းပါး စာ (၁၀-၁၁)တွင် ဖတ်ရှုနိုင်ပါသည်။

နှစ်ပေါင်း ၇၀ကျော်က မြန်မာရုပ်ရှင် 'ဖူး'ဇာတ်ကား မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်အဖြစ် ပြသသွားမည်

အနုပညာသတင်း - မိုးမြင့်လင်းလက် | ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာ့ရုပ်ရှင်သက်တမ်းသည် လာမည့် အောက်တိုဘာ ၁၃ ရက်၌ ၈၈နှစ်ပြည့်ပေတော့မည်။ ပထမဆုံး မြန်မာရုပ်ရှင်ဇာတ်ကားဖြစ်သည့် **'မေတ္တာနဲ့သူရာ'** ရုပ်ရှင် စတင်ပြသသည့် ၁၉၂၀ပြည့်နှစ် အောက်တိုဘာ ၁၃ရက်ကို **မြန်မာ့ရုပ်ရှင်နေ့** အဖြစ် သတ်မှတ်ခဲ့သည်။

"ရုပ်ရှင်အနုပညာ မြတ်နိုးသူတွေ သိစေမြင်စေချင်ပါတယ်"
အောဝမ်းသိန်းထွဋ်

ရှားပါးရုပ်ရှင်ကား

မြန်မာ့ရုပ်ရှင်နေ့ကို ယခုနှစ်၌ သတ္တမအကြိမ်မြောက် ကျင်းပရန် စီစဉ်လျက်ရှိသည်။ လာမည့် အောက်တိုဘာ ၁၃ရက်၌ ကျင်းပမည့် သတ္တမအကြိမ်မြောက် မြန်မာ့ရုပ်ရှင်နေ့တွင် ထူးထူးခြားခြား တင်ဆက်မှုတစ်ရပ်အဖြစ် လွန်ခဲ့သောနှစ်ပေါင်း ၇၃ နှစ်က ရိုက်ကူးပြသခဲ့သည့် ရှားပါးမြန်မာရုပ်ရှင်ဇာတ်ကား တစ်ကားကိုပြသမည်ဖြစ်ရာ ယင်းရုပ်ရှင်ဇာတ်ကားနှင့် ပတ်သက်သော အကြောင်းအရာများအား ဒါရိုက်တာကြည်စိုးထွန်း

စာမျက်နှာ ၆ ကော်လံ ၁ ❖

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၁ ရက်)

လူတိုင်း သက်တမ်းစေ့ နေထိုင်နိုင်ရေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

အရှေ့တောင်အာရှ ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၆)ကြိမ်မြောက် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၁)ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီအစည်းအဝေးကို စက်တင်ဘာစရက်က နယူးဒေလီမြို့၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်(၂၀၀၅)ပါ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဖော်ဆောင်လျက်ရှိရာ ကုလသမဂ္ဂထောင်စုနှစ် နှစ်ရှည်ရည်မှန်းချက်များတွင်ပါဝင်သည့် မိခင်နှင့်ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းလျှော့ချနိုင်ရေးအတွက် အထူးကုဆရာဝန်များပါဝင်သော ကျွမ်းကျင်သူပညာရှင်များအဖွဲ့ ဖွဲ့စည်း၍ အကောင်အထည်ဖော်လျက်ရှိပေသည်။

ထိုနည်းတူ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှု ကာကွယ်တားဆီးရေးဥပဒေကို ၂၀၀၆ မေ၄ရက်နေ့တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီး တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်ခဲ့ရာမှ ပြည်သူများအား ဥပဒေပါပြဋ္ဌာန်းချက်များကို သိရှိလိုက်နာစေရန် အသိပေးဆွေးနွေးပွဲနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၁)ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီအစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ကမ္ဘာ့နိုင်ငံများအနက် အတက်ကြွဆုံး လေးနိုင်ငံ၌ ပါဝင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်များ၊ ကုလသမဂ္ဂထောင်စုနှစ် နှစ်ရှည်ရည်မှန်းချက်များကို ဖော်ဆောင်လျက်ရှိပြီး အမျိုးသားကျန်းမာရေး နှစ်ရှည်စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပေသည်။

သို့ဖြစ်ပေရာ လူတိုင်း သက်တမ်းစေ့နေထိုင်ရေးနှင့် ရောဂါကင်းဝေးရန်အတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီး သောက်သုံးမှု၊ စားသုံးမှု လျော့နည်းပပျောက်စေရန် အမျိုးသားရေးအသွင်ဖြင့်ဆောင်ရွက်ရာ၌ တိုင်းရင်းသားပြည်သူများက အသိစိတ်ဓာတ်ရှိရှိ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၁-၉-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃:၅၀	၅။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၃၀	၆။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၈။	သံစဉ်များနဲ့ကမ္ဘာ
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၂။	ကမ္ဘာ့အံ့ဖွယ် မျက်လှည့်ပညာရှင်များ
၆:၄၅	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၈)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ ဂုဏ်ပြုဇာတ်လမ်း **စိတ်၏စေရာ ၃၀၂** (အပိုင်း-၂)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ၂၀၀၈ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းအခမ်းအနားတွင် ဆုရရှိသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (စွမ်းအင်)

အာဆီယံဆုတံဆိပ်များအစီအစဉ် ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိသူများနှင့် ပြိုင်ပွဲဝင်များအားဂုဏ်ပြု ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၀

၂၀၀၈ ခုနှစ် အာဆီယံဆုတံဆိပ်များ အစီအစဉ် စက်ရုံများနှင့် အဆောက်အအုံများတွင် အကောင်းဆုံး စွမ်းအင်စီမံခန့်ခွဲမှုပြိုင်ပွဲ၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာအသုံးပြုကြသော အဆောက်အအုံများပြိုင်ပွဲနှင့် ပြန်ပြည့်မြဲစွမ်းအင်အသုံးချရေး စီမံကိန်းပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိသူများနှင့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည့်အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြိုင်ပွဲရွေးချယ်စိစစ်ရေးအမျိုးသားကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဝင်းခိုင်က ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စက်ရုံများ၊ အဆောက်အအုံများနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးချရေးစီမံကိန်းတို့၏ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက ၂၀၀၈ခုနှစ် အာဆီယံဆုတံဆိပ်များ အစီအစဉ်ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေက ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ကျေးဇူးတင်စကား

ထို့နောက် ဂုဏ်ပြုဆုရရှိသူများကိုယ်စား ဦးစစ်သွေးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၉-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**တရားကျင့်သူနှင့်မကျင့်သူ** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင် ပညိဿရ)
၈:၀၀-၂:၀၀	Sunday Talk [ကိုကို (စက်မှုတက္ကသိုလ်)၊ အကယ်ဒမီ ဒါရိုက်တာ မောင်တင်ဦး၊ အရိုင်း]
၈:၄၅-၂:၄၅	Soccer Update
၉:၀၅-၃:၀၅	သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	တေးဂီတအစီအစဉ်
၉:၃၀-၃:၃၀	မုန်တိုင်းဒဏ်ရာထဲက ရတနာ
၉:၄၅-၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀-၃:၅၀	Euro Goals
၁၀:၁၀-၄:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅-၄:၁၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အချစ်ကလန်းတယ်**
၁၀:၄၅-၄:၄၅	မိုးလေဝသခန့်မှန်းချက်
၁၀:၅၀-၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅-၄:၅၅	မျိုးဆက်သစ်လူငယ်များနှင့် HAN GOLF
၁၁:၁၀-၅:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀-၅:၂၀	သီးနှံစိုက်ပျိုးအထွက်တိုး 'စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင်စိုက်ကြစို့'
၁၁:၃၀-၅:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅-၅:၃၅	International Video Topics(တရုတ်ပြည်မှမမ်မီများ)
၁၂:၀၀-၆:၀၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၂:၀၅-၆:၀၅	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ မြင့်မြင့်စိန်)
၁၂:၂၀-၆:၂၀	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၂:၃၀-၆:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅-၆:၃၅	ဆီးချိုခြေထောက်ရောဂါ (ဒေါက်တာသန်းသန်းအေး)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅:၂၅	West Brom-Aston Villa	Star Sports (Live)
၇:၂၅	Chelsea-Man Utd	ESPN (Live)
၈:၂၄	Man City-Portsmouth	Star Sports (Live)

လက်ပံတန်းမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

လက်ပံတန်း စက်တင်ဘာ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို စက်တင်ဘာ ၁၁ရက် နံနက်၁၀နာရီက အသင်းရုံးခန်းမ၌ကျင်းပသည်။

လှူဒါန်း

ရှေးဦးစွာ တိုင်းအလုပ်အမှုဆောင် ဦးတင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရေးမှူး ဒေါ်အေးအေးခိုင်က ဦးတည်ချက် (၇)ရပ်အား ရှင်းလင်းတင်ပြကာ အလုပ်အမှုဆောင် ဦးခင်မောင်ဦးက အစီရင်ခံစာ ဖတ်ကြားတင်သွင်းသည်။ ထို့နောက် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုပစ္စည်းများကို ပေးအပ်ချီးမြှင့်ပြီး အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ (၁၇၅)

သင့်သွေးဖြင့်အသက်ကယ်ပါ

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၆၆ ကျောင်းသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီက လမ်းမတော်မြို့နယ်ရှိ ပရိယတ္တိအလယ်တောရ ကျောင်းတိုက်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ သင်္ကန်းနှင့်လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

လှူဒါန်း

လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၁၄ အိတ်နှင့် ကိုးပြည်၊ ဆီပိဿာ ၁၁၀၊ အိုင်အိုဒင်းဆား ၇၂၈ ပိဿာ၊ သွားတိုက်ဆေးဘူး ၁၃၈ဘူး၊ တိုင်းရင်းဆေးမျိုးစုံ၂၇၄၄ဘူး၊ ပဲ၁၇၆ပိဿာ၊ နိုင်ငံခြားဆေးမျိုးစုံ၈၁ဘူး၊ လေဆာသွားတိုက်ဆေး၄၃၂ဘူး၊ ဘုတ်ဆုံမငရုတ်သီးမှုန့် အထုပ်၅၀၀၊ ဂေါ်ဇီလာ ခြင်နိုင်ဆေးဘူး၃၂၀နှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေစုစုပေါင်း ငွေကျပ်၉၃၄၂၈၀၀တို့ဖြစ်သည်။

(သတင်းစဉ်)

ပညာရှိသည် သတိဖြင့် အမြဲကြည့်၍

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ - ၂၈)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

နီပေါ၌မြေပြို၍ ငါးဦးသေဆုံး၊ နှစ်ဦးပျောက်ဆုံးနေ

ခတ္တမန္ဒူ စက်တင်ဘာ ၂၀

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့အနောက်ဘက် ကီလိုမီတာ၄၇၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ စက်တင်ဘာ၂၀ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း နီပေါအရာရှိများက ပြောကြားသည်။

ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဟိုဟာနာ၊ ကာနာလီ၊ ကန်ဒရာ၊ ကာနာရီ၊ ကူတီယာနှင့် ကန်ဒါမြစ်များ မြစ်ရေလျှံမှုဖြစ်ပွားခဲ့ပြီး မြေပြိုမှုများလည်း ဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

ထိုင်းမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်း၌ရေလွှမ်း ၁၄ဦးသေဆုံးပြီး ဒေသခံငါးသိန်းကျော် ရေဘေးဒုက္ခကြုံတွေ့

ဗန်ကောက် စက်တင်ဘာ ၂၀

ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် စက်တင်ဘာ၂၀ရက်အထိ သေဆုံးသူ ၁၄ဦး ရှိကြောင်း ထိုင်းအရာရှိများက ပြောကြားသည်။**(အပေါ်ပုံ)**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေသခံပြည်သူ၅၂၀၀၀၀ကျော် ရေဘေးဒုက္ခ ကြုံတွေ့နေရကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း ၄င်းတို့က ပြောကြားသည်။



ဖိလစ်ပိုင်အရှေ့ပိုင်းသို့ ဟာဂူပစ်မုန်တိုင်းဦးတည် တစ်နာရီ မိုင်၁၀၀နှုန်းတိုက်ခတ်နိုင်၍ သတိပေးချက်ထုတ်ပြန်

မနီလာ စက်တင်ဘာ ၂၀

ဖိလစ်ပိုင်နိုင်ငံအရှေ့ပိုင်း ကမ်းခြေဒေသသို့ ဦးတည်ကာ ဟာဂူပစ်အမည်ရှိ မုန်တိုင်းတစ်ခု ရွေ့လျားနေကြောင်း ဖိလစ်ပိုင်မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံ အယ်လ်ဘေးပြည်နယ်နှင့်ကာတန်ဒူနက်စ် ပြည်နယ်များသို့ တိုက်ခတ်နိုင်သည်ဖြစ်ရာ မုန်တိုင်းသတိပေးချက်များ ထုတ်ပြန်ထားသည်။ ဟာဂူပစ်မုန်တိုင်းသည် တစ်နာရီလျှင် မိုင်၁၀၀နှုန်း တိုက်ခတ်နိုင်ပြီး မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းနိုင်သဖြင့် ရေလွှမ်းမှုများ ဖြစ်ပွားနိုင်ကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။

သာယာဝတီခရိုင် ကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို ယနေ့ နံနက်ပိုင်းတွင် အသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို အသင်းဝင်လူငယ်များက ပြည်မြန်မာသီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

ဖတ်ကြားတင်ပြ

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားပြီး ခရိုင်အတွင်းရေးမှူးက အလုပ်အမှုဆောင်အဖွဲ့၏အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သာယာဝတီခရိုင် အတွင်းမှ ခြောက်ဘာသာဂုဏ်ထူးရရှိသူ သုံးဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၁၂ဦးနှင့် မြို့နယ်အလိုက် ပထမရရှိသူ ရှစ်ဦးတို့ကို ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ကြပြီး ဗဟိုအလုပ်အမှုဆောင်နှင့် အလှူရှင်များက အသင်း၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

တင်ပြဆွေးနွေး

ထို့နောက် အစည်းအဝေးဒုတိယပိုင်းကို နေ့လယ်ပိုင်းတွင် ဆက်လက်ကျင်းပရာ အလုပ်အမှုဆောင်အဖွဲ့၏အစီရင်ခံစာအပေါ် အကြံပြုတင်ပြဆွေးနွေးခြင်း၊ ပြန်လည် ရှင်းလင်းဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဆုံးဖြတ်ချက်များချမှတ်ခြင်းတို့ကို အစီအစဉ် အတိုင်း ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)တွင် ၂၀၀၈ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (စွမ်းအင်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းန ကိုးကားတင်ပြသည်

ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်

ရန်ကုန် စက်တင်ဘာ ၂၀

စက်တင်ဘာ ၁၉ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေကို ဆန်းစစ်ကြည့်ပါက အမေရိကန်နိုင်ငံ ဘန့်ဟယ်လ်ဒေသတွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်ခဲ့ရခြင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်၌ ရေလွှမ်းမှုဖြစ်ပေါ်ခြင်း၊ ဂျော်ဂျီယာအရှေ့ပိုင်း အဂျာရီးရာဒေသ၌ မြေပြိုမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၀ရက်က မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းများ၏ မိုးလေဝသ အခြေအနေကို ဆန်းစစ်ကြည့်လျှင် ကရင်ပြည်နယ်တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာကျဲကျဲ မိုးရွာသွန်းခဲ့သည်။ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန် တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာသွန်းခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသ အလိုက်နှင့် မန္တလေးတိုင်း၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်း တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

မိုးကြီးနိုင်

စက်တင်ဘာ ၂၁ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ မိုးလေဝသအခြေ အနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း နှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲမိုးရွာနိုင်သည်။ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စက်တင်ဘာ ၂၁ ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ မိုးအသင့်အတင့် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေ

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

စက်တင်ဘာ၂၀ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

ရေးမြို့	၆ ဒသမ ၃၈ လက်မ
ကျိုက္ကမီ	၃ ဒသမ ၁၅ လက်မ
နေပြည်တော်တပ်ကုန်း	၃ ဒသမ ၀၇ လက်မ
ထားဝယ်	၂ ဒသမ ၃၆ လက်မ
ရွှေကျင်	၂ ဒသမ ၀၀ လက်မ
မန္တလေး	၁ ဒသမ ၀၆ လက်မ
ရန်ကုန်(မြို့လယ်)	၁ ဒသမ ၁၀ လက်မ

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

စိတ်ပျက်ဖွယ် အမေရိကန်စီးပွားရေးကြောင့် မက်ကိန်းထက် အိုဘားမား ရေပန်းစားလာ

ဝါရှင်တန် စက်တင်ဘာ ၂၀

အမေရိကန်နိုင်ငံ၏ စိတ်ပျက်ဖွယ်စီးပွားရေးအခြေအနေက အမေရိကန်မဲဆန္ဒရှင်များအတွက် ဦးစားပေးစဉ်းစားရမည့် အခြေအနေသို့ ဆိုက်ရောက်လာပြီဖြစ်ရာ အမေရိကန်သမ္မတနေရာအတွက် ဒီမိုကရက်တစ်ပါတီသမ္မတလောင်း အိုဘားမားနှင့် ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းတို့နှစ်ဦးအနက် အိုဘားမားမှာ လူကြိုက်များ ရေပန်းစားမှုမြင့်တက်လာသည်။

မကြာမီက ပြည်သူ့ဆန္ဒသဘောထား ကောက်ယူမှုများတွင် ဂျွန်မက်ကိန်းထက် အိုဘားမား(အောက်ပုံ)ကို ပိုမိုထောက်ခံကြောင်း တွေ့ရသည်။

ထောက်ခံမှုပိုရ

ထို့ပြင် ဂျွန်မက်ကိန်းက သူနှင့်တွဲဖက်ရမည့် ရီပတ်ဘလီကင် ဒုတိယသမ္မတလောင်းအဖြစ် အလက်စကာပြည်နယ် အုပ်ချုပ်ရေးမှူး မီးစ်ပါလင်အား ရွေးချယ်ပြီးနောက် အမျိုးသမီးမဲဆန္ဒရှင်များအကြားတွင် အိုဘားမားက မက်ကိန်းထက် ထောက်ခံမှုပိုရလာသည်။

ရေပန်းစား

အိုဘားမားကို အာဖရိကန္ဒယ်ဖွား အမေရိကန်နိုင်ငံသား ၉၁ရာခိုင်နှုန်းက ထောက်ခံပြီး လူငယ်များကြားတွင်လည်း အိုဘားမားက ရေပန်းစားလျက်ရှိကြောင်း တွေ့ရသည်ဆို၏။

(အင်တာနက်)

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီ အာကာသစခန်းမှ အောက်တိုဘာ ၁၀ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်မည့် အတ္တလန္တစ် လွန်းပြန်ယာဉ် ၃၉-ဘီ ပြင်ဆင်ထားရှိမှုကို စက်တင်ဘာ ၂၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နီပေါရှိ စိုက်ပျိုးရေးကဏ္ဍ ၂၄ခု ယခုနှစ်အတွင်း အသုံးစရိတ် တိုးမြှင့်သုံးစွဲမည်

ခတ္တမန္ဒူ စက်တင်ဘာ ၂၀

နီပေါနိုင်ငံအစိုးရအနေဖြင့် ယခုနှစ်အတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍလုပ်ငန်းစဉ် ၂၄ခုအတွက် သုံးစွဲရန် အမေရိကန်ဒေါ်လာ ၈၁သန်း လျာထားလျက်ရှိကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

တိုးမြှင့်ဆောင်ရွက်

ယခင်နှစ်အတွင်းက စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု၌ ဘတ်ဂျက်ငွေ အမေရိကန်ဒေါ်လာ ၅၆ဒသမ၃သန်းခန့် ခွင့်ပြုထားခဲ့ရာမှ ယခုနှစ်အတွင်း တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ထောက်ပံ့

နိုင်ငံအတွင်း လယ်ယာထွက်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်စေရေးနှင့် လယ်သမားများအား ဖြည့်ဆည်းထောက်ပံ့ပေးရေးအတွက် ရည်ရွယ်ကာ လုပ်ဆောင်ခြင်းဖြစ်ကြောင်း စက်တင်ဘာ၁၈ရက်တွင် ခတ္တမန္ဒူပို့စ် သတင်းစာ၌ သတင်းထုတ်ပြန်သည်။

ဖော်ပြ

၎င်းနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်စောင့်ရှောက်ရေးနှင့် ရောဂါပိုးများ ဓာတ်ခွဲစမ်းသပ်မှုပြုလုပ်ရေးအပြင် နိုင်ငံတကာအဆင့်မီ မွေးမြူရေးဆိုင်ရာကဏ္ဍ၌ ပိုးမွှား ရောဂါကင်းစင်ရေးအဖြစ် ခတ္တမန္ဒူမြို့၌ အဆင့်မြင့် လုံခြုံရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု ဓာတ်ခွဲခန်းတည်ဆောက်မည်ဖြစ်သည်။

သုံးစွဲ

အဆိုပါ ဓာတ်ခွဲခန်း တည်ဆောက်ရေးတွင် အမေရိကန်ဒေါ်လာ ၅ဒသမ၆သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မုန်တိုင်းများအပြီး အမေရိကန် ကူညီသည်ဆိုမှု လိမ်ညာဝါဒ ဖြန့်ခြင်းဟု ကျူးဘား ပြောကြား

ဟာဗားနား စက်တင်ဘာ ၂၀

အိုက်နှင့် ဂူစတပ် မုန်တိုင်းများ ကျူးဘားနိုင်ငံကို တိုက်ခတ်ပြီးနောက် ကျူးဘားကို အကူအညီပေးသည်ဟူ၍ အမေရိကန်အစိုးရက လိမ်ညာဝါဒဖြန့်လျက်ရှိကြောင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ပီရက်ဇ်က စက်တင်ဘာ ၁၈ရက်တွင် ပြောကြားလိုက်သည်။

မုန်တိုင်းများ၏ဒဏ်ကြောင့် အမေရိကန်ဒေါ်လာ ငါးဘီလီယံဖိုး ဆုံးရှုံးပျက်စီးရပြီးနောက် ကျူးဘားနိုင်ငံကိုကူညီနေသယောင် အမေရိကန်အစိုးရက ဝါဒဖြန့်နေသည်ဟု ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ပီရက်ဇ်က ပြောကြားသည်။

ပယ်ချ

အမေရိကန်ဒေါ်လာ ငါးသန်းပေးရန် အမေရိကန်က ကမ်းလှမ်းသော်လည်း ၁၉၅၉ခုနှစ် ကျူးဘားတော်လှန်ရေးအပြီး မကြာမီနှစ်က ပြဋ္ဌာန်းသည့် အမေရိကန်၏ ပိတ်ပင်မှုကြောင့် ကျူးဘားနိုင်ငံက အမေရိကန်အကူအညီကို လက်မခံဘဲ ပယ်ချလိုက်သည်။

ပြောကြား

လူသားချင်းစာနာမှု အကူအညီအဖြစ် ကျူးဘားနိုင်ငံသို့ ပြီးခဲ့သည့်နှစ်ကလည်း အမေရိကန်ပုဂ္ဂလိကအဖွဲ့အစည်းများက အမေရိကန်ဒေါ်လာ ၆၁သန်း ထောက်ပံ့ခဲ့သည်ဟူ၍ မကြာမီကကြေညာခြင်းမှာလည်း အမေရိကန်က ချဲ့ကားပြောဆိုနေခြင်းသာဖြစ်ပြီး အမှန်မှာအမေရိကန်ဒေါ်လာ ၆ ဒသမ ၁သန်းသာရှိကြောင်း၊ အမေရိကန်သမ္မတဘုရှ်လက်ထက်မတိုင်မီက ကျူးဘားနိုင်ငံရှိ အမေရိကန်ပုဂ္ဂလိကအဖွဲ့အစည်းများမှာလည်း ၁၆၀ ခန့်ရှိခဲ့ရာမှ ယခုအခါ ပုဂ္ဂလိကအဖွဲ့အစည်း ၂၁ခုသာရှိတော့သည်အထိ လျော့နည်းသွားကြောင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

တင်သွင်း

အမေရိကန်နိုင်ငံ၏ ကျူးဘားနိုင်ငံအပေါ်ပိတ်ပင်မှုကို ရှုတ်ချသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အောက်တိုဘာ ၂၉ရက် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ တင်သွင်းမည်ဟု သိရသည်။ အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် အရပ်သားလေးဦးသေဆုံး

ကဘူးလ် စက်တင်ဘာ ၂၀

အာဖဂန်နစ္စတန်နိုင်ငံ ပက်တီကာပြည်နယ်တွင် စက်တင်ဘာ ၁၉ ရက်က နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံမှုအကူအညီပေးရေးတပ် (အိုင်အက်စ်အေအက်ဖ်)၏ အခြေစိုက်စခန်းကို ပစ်မှတ်ထားကာ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း၊ ယင်းသို့ပစ်ခတ်မှုကြောင့် အရပ်သားလေးဦးသေဆုံးခဲ့ကြောင်း (အိုင်အက်စ်အေအက်ဖ်)က သတင်းထုတ်ပြန်ခဲ့သည်။

လက်နက်ကိုင် တိုက်ခိုက်ရေးသမားများသည် ပက်တီကာပြည်နယ် ဇီရော့ခ်ခရိုင်ရှိ အိုင်အက်စ်အေအက်ဖ်တပ်၏ အခြေစိုက်စခန်းကို ပစ်မှတ်ထားကာ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ သို့သော်လည်း ဒုံးကျည်များသည် ပစ်မှတ်သို့မရောက်ဘဲ အမျိုးသမီးများနှင့် ကလေးများ အလုပ်လုပ်နေရာလယ်ကွင်းထဲသို့ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ သေဆုံးသည့်အထဲတွင် ကလေးငယ်တစ်ဦး ပါဝင်ကြောင်း သတင်း၌ဖော်ပြသည်။ (အင်တာနက်)

အာဖဂန်တောင်ပိုင်း၌ တိုက်ခိုက်မှုဖြစ်ပွား ဒေသခံပြည်သူများ အများအပြားသေဆုံး

ကင်ဘာရာ စက်တင်ဘာ ၂၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ချော့ယာဒေသ၌ စစ်သွေးကြွများက အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များကို ပစ်မှတ်ထားလျက် စက်တင်ဘာ ၁၈ရက်တွင် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့က ပြောကြားသည်။

သတင်းထုတ်ပြန်

ယင်းဖြစ်ပွားမှုကြောင့် ဒေသခံပြည်သူအများအပြား သေဆုံးခဲ့ရပြီး နိုင်ငံစုံတပ်ဖွဲ့မှ ဩစတြေးလျတပ်ဖွဲ့ဝင်များ ကင်းလှည့်တာဝန်ထမ်းဆောင်စဉ် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ဩစတြေးလျ စစ်ဘက်ဆိုင်ရာကသတင်းထုတ်ပြန်သည်။

စေလွှတ်ထား

အာဖဂန်နစ္စတန်၌ တာလီဘန်စစ်သွေးကြွများနှင့် အယ်လ်ခိုင်ဒါအဖွဲ့တို့မှ အကြမ်းဖက်တိုက်ခိုက်မှုများကို အကူအညီပေးရန်နှင့် အာဖဂန်ပြန်လည်တည်ဆောက်ရေးကဏ္ဍတို့၌ ပါဝင်ဆောင်ရွက်ရေးအတွက် ၂၀၀၁ခုနှစ်မှစ၍ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့အား တပ်ဖြန့်ချထားလျက်ရှိရာ ဩစတြေးလျတပ်ဖွဲ့ဝင် ၁၀၀၀ခန့်ကို စေလွှတ်ထားရှိပြီးဖြစ်သည်။

ဖော်ပြ

အဆိုပါ သေဆုံးသည့်တပ်ဖွဲ့ဝင်မှာ ဩစတြေးလျ အထူးကွန်မန်ဒိုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ၎င်းသတင်း၌ ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

မိုဆူးလ်၌ဗုံးဖောက်ခွဲ

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၌ လုံခြုံရေးတပ်ဖွဲ့ယာဉ်အား ပစ်မှတ်ထားလျက် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည်ကို စက်တင်ဘာ ၂၀ရက် တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်တွင်ဗုံးခွဲတိုက်ခိုက်ခံရမှု အမေရိကန်အပေါင်းပါတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ကဘူးလ် စက်တင်ဘာ ၂၀

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းတွင် စက်တင်ဘာ ၁၉ရက် မွန်းလွဲပိုင်းက ဗုံးပေါက်ကွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အမေရိကန်နှင့် အပေါင်းပါတပ်မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ခဲ့သည်။

စစ်ဘေးဒဏ်ကို ဆိုးရွားစွာခံခဲ့ရသော အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ်အတွင်း ယနေ့အထိအမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင် ၂၂၄ဦးသေဆုံးခဲ့သည့်အနက် ၁၂၂ဦးမှာ အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်ကြောင်း၊ ယင်းနိုင်ငံတွင် အာဖဂန်နှင့် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များအား တာလီဘန်စစ်သွေးကြွများက တိုက်ခိုက်မှုအရှိန်အဟုန်မြင့်တက်လာမှုကြောင့် ယင်းကဲ့သို့ သေဆုံးခဲ့ရခြင်း ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

(အင်တာနက်)

နေအိမ်နှင့် အဆောက်အအုံပြင်ပ၌ ကလေးငယ်များကစားမှု အမြင်အာရုံကို အထောက်အကူပြုစေကြောင်း သိရ

ကလေးငယ်များအား နေအိမ်နှင့် အဆောက်အအုံအပြင်ဘက် လွတ်လပ်သည့် နေရာများ၌ ဆော့ကစားစေခြင်းသည် ကျန်းမာရေးကို အထောက်အကူပြုစေသည့်အပြင် မျက်စိအမြင်ကောင်းမွန်မှုကို ပံ့ပိုးအားဖြည့်ပေးနိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များ၏ လေ့လာဆန်းစစ်ချက်တစ်ရပ်၌ ဖော်ပြသည်။

ပိုမိုကောင်းမွန်

အသက်ရှစ်နှစ်မှ ၁၂နှစ်အရွယ် ကလေးငယ်များအနေဖြင့် တစ်နေ့လျှင် အချိန်နှစ်နာရီခန့်မျှ နေအိမ်နှင့် အဆောက်အအုံပြင်ပနေရာများ၌ ကစားပါက ဦးနှောက်အာရုံကြောများလန်းဆန်းစေပြီး မျက်စိအမြင်ကို ပိုမိုကောင်းမွန်စေကြောင်း၊ မျက်စိလှုပ်ရှားမှုနှုန်းများခြင်း၊ ပြောင်းလဲနေသောဝန်းကျင်အမြင်ကို မကြာခဏကြည့်ရှုခြင်းသည် မျက်စိအတွင်းရှိ အမြင်အာရုံကြောများ သန်မာလာစေကြောင်း သိရသည်။

ထို့အပြင် အဆောက်အအုံနှင့် နေအိမ်အတွင်း အချိန်ကြာမြင့်စွာ နေထိုင်လေ့ရှိသူများ၊ ပြင်ပသို့ အသွားအလာနည်းပါးသူများ၊ ငယ်စဉ်ကတည်းက ထိုသို့ အလေ့အကျင့်ရှိသူများမှာ မျက်စိအမြင်စောစီးစွာထိခိုက်သူများ ဖြစ်လာတတ်ကြောင်း ဖော်ပြထားသည်။

သုတေသနပြု

မျက်စိအားနည်းသော အသက် ၄၅နှစ်အရွယ် အမျိုးသား အမျိုးသမီး ၂၅၀၀ခန့်အား သုတေသနပြုခဲ့ရာ ၆၀ရာခိုင်နှုန်းသည် ငယ်စဉ်က နေအိမ်ပြင်ပ၌ ဆော့ကစားမှုနည်းခဲ့သူများဖြစ်ကြောင်း တွေ့ရသည်ဟု ဆိုသည်။

အင်တာနက်ကျန်းမာရေး

ဘရာဇီး၌ မူးယစ်ဆေးဝါးစစ်ဆင်ရေးဆင်နွှဲ

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၂၀

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့မြောက်ပိုင်း ဒေသနှစ်ခု၌ မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေး စစ်ဆင်မှုတစ်ရပ်ဆင်နွှဲရာ စက်တင်ဘာ ၁၇ရက်က တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖော်ပြ

ယင်းဒေသနှစ်ခု စစ်ဆင်ရေးတိုက်ပွဲများ၌ ရဲတပ်ဖွဲ့ဝင် ၈၀၀ ပါဝင်ခဲ့ရာမှ ရဲတပ်ဖွဲ့ဝင်ခြောက်ဦးနှင့် အခြားလေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

တိုက်ပွဲများအတွင်း မူးယစ်မှောင်ခိုဂိုဏ်း ခေါင်းဆောင်နှစ်ဦးနှင့် ၄င်းတို့၏ ကိုယ်ရံတော်သုံးဦးသေဆုံးခဲ့ပြီး စက်သေနတ်နှစ်လက်၊ ရိုင်ဖယ်တစ်လက်၊ လက်ပစ်ဗုံးများနှင့် ခဲယမ်းမီးကျောက်များအပါအဝင် ကိုကင်းကီလိုဂရမ် ၂၀နှင့် ဆေးခြောက် ကီလိုဂရမ် ၃၀တို့ကို ရှာဖွေဖမ်းဆီးရမိခဲ့သည်။ **(အင်တာနက်)**

ဘဝအမောပြေ

မြန်မြန်နည်းလမ်းပေးပါ....

ကျောင်းသားတစ်ဦး၏ မိခင်ဖြစ်သူကို အတန်းပိုင်ဆရာမက သားဖြစ်သူ၏ ပညာရေးနှင့် ပတ်သက်ပြီး ဆွေးနွေးလေသည်။

ဆရာမ ။ ။ စာတော့ကြိုးစားပါတယ်။
မိခင် ။ ။ ဆရာမကိုပဲ....အစစအရာရာ အပ်ပါတယ်။
ဆရာမ ။ ။ စာလည်းတော်ပါတယ်။
မိခင် ။ ။ ဟုတ်ကဲ့ပါ။
ဆရာမ ။ ။ ပြုပြင်စရာတော့ရှိတယ်။
မိခင် ။ ။ ပြောပြပါ... ကျွန်မလည်း ဆုံးမပါ့မယ်။
ဆရာမ ။ ။ သူကအတန်းထဲမှာ မိန်းကလေးတွေနဲ့ ရောရောထွေးထွေး နေလေ့ရှိတယ်။
မိခင် ။ ။ ဟုတ်လား။
ဆရာမ ။ ။ အဲဒီအတွက် ကျွန်မ နည်းလမ်းရှာဖွေနေပါတယ်။
မိခင် ။ ။ မြန်မြန်လေးသာရှာဖွေပါ ဆရာမ။ရရင်ကျွန်မကိုလည်း ပြောပါဦး။
ဆရာမ ။ ။ ဘာဖြစ်လို့လဲ။
မိခင် ။ ။ အဲဒီနည်းနဲ့ ကျွန်မခင်ပွန်းကို စမ်းသပ်ကြည့်မလို့ပါ။
ဆရာမ ။ ။ 'ရှင်'။



အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့ ဂိုးလ်ဒင်းဂိတ်ဇုန်၌ ဆိုလာပြားများဖြင့် အမိုးမိုးထားသော သိပ္ပံနည်းပညာဆိုင်ရာတက္ကသိုလ် အဆောက်အအုံကို စက်တင်ဘာ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သူတို့အတွေးနှင့်အမြင်

* ***Praising all alike is praising none.***

လူအားလုံးအား တစ်ပြေးညီချီးကျူးခြင်းသည် မည်သူ့ကိုမှ ချီးမွမ်းခြင်းမဟုတ်။

ဂျွန်ဂေး
(အင်္ဂလိပ်လူမျိုး ကဗျာဆရာနှင့်ပြဇာတ်ရေးဆရာ)

* ***The word independence is united to the ideas of dignity and virtue;the word dependence to the ideas of inferiority and corruption.***

လွတ်လပ်ခြင်းဟူသည့် ဝေါဟာရသည် ဂုဏ်သိက္ခာရှိခြင်းနှင့် သီလသမာဓိရှိခြင်းဟူသည့် အယူအဆများနှင့် ပေါင်းစပ်ထားသည်။မှီခိုခြင်းဟူသည့် ဝေါဟာရသည် စိတ်သိမ်ငယ်ခြင်းနှင့် စာရိတ္တချို့ယွင်းခြင်းဟူသည့် အယူအဆများနှင့် ပေါင်းစပ်ထားသည်။

ဂျာမီဘင်တမ်
(အင်္ဂလိပ်လူမျိုး အတွေးအခေါ်ပညာရှင်၊ လူမှုပြုပြင်ပြောင်းလဲရေးသမားနှင့် ဥပဒေပညာရှင်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ရေနံကြွယ်ဝသည့် ဆော်ဒီအာရေဗျနိုင်ငံ၏သမိုင်းကြောင်း

သတင်းအက်ဆေး

ဆော်ဒီအာရေဗျနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ အာရေဗျကျွန်းဆွယ်တွင် တည်ရှိသည်။ နိုင်ငံအကျယ်အဝန်းမှာ ကျွန်းဆွယ်တစ်ခုလုံးနီးပါးမျှဖြစ်သည်။ အရှေ့အလယ်ပိုင်းမှ ဘာသာတရားကို အလွန်ရိုသေကိုင်းရှိုင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မဖွံ့ဖြိုးသေးသော သဲကန္တာရ ဘုရင့်နိုင်ငံဘဝမှ ကျယ်ပြောသည့် ရေနံသိုက်များပိုင်ဆိုင်မှုကြောင့် ဒေသအတွင်း အချမ်းသာဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။

ဖိအားပေး

သို့သော် အုပ်ချုပ်သူများအနေဖြင့် ကြီးထွားလာသော အစွန်းရောက်အကြမ်းဖက်မှုကို တိုက်ဖျက်ချေမှုန်းရသည့် တစ်ချိန်တည်းမှာပင် ပြုပြင်ပြောင်းလဲရန် ဖိအားပေးလာမှုကို အတိမ်းအစောင်းမရှိအောင် ကိုင်တွယ်ရင်ဆိုင်နေရသည်။

နယ်နှင့်

၁၈၇၁ခုတွင် အော်တိုမန်တို့က ဟာဆာပြည်နယ်ကို ထိန်းချုပ်လိုက်သည်။ ၁၈၉၁ခုတွင် ရာရှစ်ဒီမိသားစုက အယ်ဆော့မိသားစုကို ထိုနေရာမှကူဝိတ်သို့ နယ်နှင်လိုက်သည်။ ၁၉၀၂ခုတွင် အအယ်အဇစ်ဘင် အက်အယ်ရာမန်ဘင် ဖေဆယ်အယ်ဆော့က ရီယာ့ဒ်မြို့ကို ထိန်းချုပ်လိုက်ခြင်းဖြင့် အယ်ဆော့မိသားစု ဆော်ဒီအာရေဗျသို့ ပြန်ရောက်သည်။

၁၉၁၂ခုတွင် ဆွန်နီအစ္စလာမ်ကို အခြေပြုပြီး လူသားအချင်းချင်း ရင်းနှီးနားလည်မှု တည်ဆောက်သည်။ အဗ္ဗဒယ်အဇစ်အတွက် ထောက်ခံမှုအားကောင်းလာစေသည်။ ၁၉၁၃ခုတွင် အဗ္ဗဒယ်အဇစ်က ဟာဆာပြည်နယ်ကို အော်တိုမန်တို့လက်မှ ယူလိုက်သည်။ ၁၉၂၁ခုတွင် အဗ္ဗဒယ်အဇစ်က နက်ဒေသ စော်ဘွားဘွဲ့ခံယူသည်။

ရာထူးအပ်နှင်း

၁၉၂၄ခုတွင် မက္ကာနှင့် ၁၉၂၅ခုတွင် မဒီနာတို့ကို ပြန်လည်သိမ်းလိုက်သည်။ ၁၉၂၆ခုတွင် မက္ကာရှိ ဗလီကြီးတွင် အဗ္ဗဒယ်အဇစ်အား ဟိုက်ဂျက်ဇ်ဘုရင်အဖြစ် ကြေညာလိုက်သည်။ ၁၉၃၂ခုတွင်

အဗ္ဗဒယ်အဇစ် ထိန်းချုပ်သည့် ဒေသအားလုံးကို ဆော်ဒီအာရေဗျဘုရင့်နိုင်ငံအဖြစ် သတ်မှတ်ပြီး အဗ္ဗဒယ်အဇစ်ကိုလည်း ဆော်ဒီအာရေဗျဘုရင်အဖြစ် ကြေညာလိုက်သည်။ ၁၉၃၃ခုတွင် ဘုရင်အဗ္ဗဒယ်အဇစ်၏ အကြီးဆုံးသားတော်ဆော့ကို အိမ်ရှေ့မင်းသားရာထူး အပ်နှင်းသည်။

စတင်ထုတ်လုပ်

၁၉၃၈ခုတွင်ရေနံတွေ့ရှိပြီး အမေရိကန်ထိန်းချုပ်သည့် အာရေဗီယန် အမေရိကန်ရေနံကုမ္ပဏီ(အရမ်ကို) လက်အောက်တွင် စတင်ထုတ်လုပ်သည်။

အိုပက်အဖွဲ့ဝင်

၁၉၅၃ခု နိုဝင်ဘာလတွင် ဘုရင်အဗ္ဗဒယ်အဇစ်နတ်ရွာစံသဖြင့် အိမ်ရှေ့မင်းသား ဆော့ဘင်အဗ္ဗဒယ်အဇစ်အယ်ဆော့ ထီးမွေဆက်ခံပြီး ညီတော် ဖေဆယ်အား အိမ်ရှေ့မင်းသား ခန့်အပ်သည်။ ၁၉၆၀ပြည့်တွင် ဤနိုင်ငံသည် ရေနံရောင်းနိုင်ငံများ(အိုပက်)၏ ထူထောင်သူအဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

၁၉၆၄ခု နိုဝင်ဘာလတွင် ဘုရင်ဆော့အား ညီတော်အိမ်ရှေ့မင်းသားဖေဆယ်က ဖြုတ်ချ အာဏာသိမ်းသည်။ ၁၉၇၀ပြည့်တွင် အစ္စလမ္မစ် ညီလာခံအဖွဲ့ (အိုအိုင်စီ)ကို ဂျက်ဒါမြို့၌ တည်ထောင်သည်။

ပိုင်ဆိုင်မှု

၁၉၇၂ခုတွင် ဆော်ဒီအာရေဗျနိုင်ငံက အရမ်ကို ရေနံကုမ္ပဏီ၏ ပိုင်ဆိုင်မှု ၂၀ရာခိုင်နှုန်းထိန်းချုပ်ပြီး ၁၉၈၀ ပြည့်နှစ်တွင် ရာနှုန်းပြည့် ထိန်းချုပ်လိုက်သည်။

၁၉၇၅ခုတွင် ဘုရင်ဖေဆယ်အား တူဖြစ်သူ ဖေဆယ်ဘင်မူဆက်ဘင်အဗ္ဗဒယ်အဇစ်က လုပ်ကြံသဖြင့် ညီဖြစ်သူ ခါလစ်ဘင် အဗ္ဗဒယ်အဇစ်အယ်ဆော့က ထီးနန်းဆက်ခံသည်။ ၁၉၈၁ခု ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ဂျီစီစီ)တွင် ထူထောင်သူအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်။

၁၉၈၂ခု ဇွန်လတွင် နှလုံးရောဂါဖြင့် ဘုရင်ခါလစ် နတ်ရွာစံသောအခါ ညီတော်အိမ်ရှေ့မင်းသား ဖတ်ဘင်အဗ္ဗဒယ်အဇစ်အယ်ဆော့ ထီးနန်းဆက်ခံသည်။ ၁၉၉၂ခု မတ်လတွင် ဘုရင်၏ တာဝန်နှင့်ဝတ္တရားကို အသေးစိတ်ဖော်ပြသည့် အစိုးရ၏ အခြေခံစနစ်ကို ဘုရင်ဖတ်က ထုတ်ပြန်ကြေညာသည်။ အတိုင်ပင်ခံကောင်စီဖွဲ့ရန် ဘုရင်ဖတ်က တိုက်တွန်းသည်။ ၁၉၉၃ခု စက်တင်ဘာလတွင် ဤနိုင်ငံကို တိုင်း ၁၃ခုခွဲလိုက်ကြောင်း ဘုရင်ဖတ်က အမိန့်ထုတ်သည်။ ၁၉၉၃ခု ဒီဇင်ဘာတွင် အတိုင်ပင်ခံကောင်စီကို စတင်ဖွဲ့စည်းသည်။ သဘာပတိတစ်ဦးနှင့် အဖွဲ့ဝင်၆၀ ပါဝင်သည်။

ပြဋ္ဌာန်း

၂၀၀၅ခု ဩဂုတ်လ ၁ရက်တွင် ဘုရင်ဖတ် နတ်ရွာစံကြောင်း ထုတ်ပြန်ကြေညာသည်။ အိမ်ရှေ့စံ အဗ္ဗဒူလာက ထီးနန်းဆက်ခံသည်။ ၂၀၀၆ခု အောက်တိုဘာလတွင် မင်းသားမျိုးဆက်သစ်များအကြား ပြဿနာမပေါ်ရန် ထီးမွေဆက်ခံရေးအစီအစဉ်ကို တရားဝင်ပြဋ္ဌာန်းလိုက်သည်။

၂၀ရာစုအတွင်း အယ်ဆော့မင်းဆက်မှ ဆော်ဒီဘုရင်တို့သည် နိုင်ငံတော် ခေတ်မီရေးနှင့် နိုင်ငံကို ဒေသအတွင်း အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်စေရန် စုးစိုက်ဆောင်ရွက်နိုင်ကြသည်။

ဤနိုင်ငံသည် ကမ္ဘာ့ရေနံသိုက်များ၏ ၂၅ရာခိုင်နှုန်းအပေါ် တည်ရှိနေသည့်အတွက် နေ့စဉ်ရေနံပီပါပေါင်း ၁၀သန်းကျော်အထိ ထုတ်လုပ်နိုင်စွမ်းရှိသောနိုင်ငံလည်း ဖြစ်ပါသည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ဤနိုင်ငံသည် ကမ္ဘာ့ရေနံသိုက်များ၏ ၂၅ရာခိုင်နှုန်း အပေါ် တည်ရှိနေသည့်အတွက် နေ့စဉ် ရေနံပီပါပေါင်း ၁၀သန်းကျော်အထိ ထုတ်လုပ်နိုင်စွမ်းရှိသောနိုင်ငံလည်း ဖြစ်။

ကလေးမြို့ ဆိပ်ကမ်းတံတား ပြုပြင်ဆောက်လုပ်

ကလေး စက်တင်ဘာ ၂၀

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကလေးမြို့ ပင်လုံရပ်ကွက် ဆိပ်ကမ်းသာလမ်းပေါ်ရှိ ဥပုဒ်ချောင်း ဆိပ်ကမ်းတံတား ပြုပြင်ဆောင်ရွက်မှု လုပ်ငန်းကို ဇူလိုင်၂၉ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဗျားနိုမှ အဖွဲ့ပိုင် ပိုင်ရိုက်စက်အသုံးပြု၍ တံတားပိုင်တိုင်များ ရိုက်သွင်းနေမှုကို စစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမြင့်အောင်တို့က ရှင်းလင်းတင်ပြကြသည်။

(မြို့နယ်စည်ပင်)

နှစ် (၄၀)ပြည့် အာဆီယံအဖွဲ့ တည်ထောင်ခြင်း အထိမ်းအမှတ် အာဆီယံ လက်မှုအနုပညာပစ္စည်းများ ပြခန်း (ASEAN Corner) ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အာဆီယံနိုင်ငံသံရုံးများမှ သံအမတ်ကြီးများက အာဆီယံ လက်မှုအနုပညာပစ္စည်းများပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

နှစ်(၄၀)ပြည့် အာဆီယံအဖွဲ့ တည်ထောင်ခြင်း အထိမ်းအမှတ်

အာဆီယံလက်မှုအနုပညာပစ္စည်းများ ပြခန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

နှစ်(၄၀)ပြည့် အာဆီယံအဖွဲ့တည်ထောင်ခြင်း အထိမ်းအမှတ် အာဆီယံ လက်မှုအနုပညာပစ္စည်းများပြခန်း (ASEAN Corner)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားပြတိုက်၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ASEAN We are One သီချင်းဖြင့် သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အာဆီယံနိုင်ငံ သံရုံးများမှ သံအမတ်ကြီးများက အာဆီယံ လက်မှုအနုပညာပစ္စည်းများပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အမျိုးသားအာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေး ကော်မတီဥက္ကဋ္ဌ ဦးစန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဒေါ်နန္ဒာမွန်းက အာဆီယံ လက်မှုအနုပညာပစ္စည်းများပြခန်း ဖွင့်လှစ်ပြသရေး စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများက ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

ရှေ့ဖုံးမှ

နှင့် မြန်မာ့အလင်းသတင်းအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

"ကျွန်တော် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌက အနားယူပြီးတဲ့နောက်မှာ ရုပ်ရှင်ကားဟောင်းတွေ စုဆောင်းတယ်၊ ပြီးတော့ မြန်မာနိုင်ငံရုပ်ရှင်သမိုင်းပြတိုက်ကို ထောက်ပံ့တယ်။ နောက်ပြီးသင်တန်းသားတွေကို ပို့ချပေးတယ်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

"မြန်မာ့ရုပ်ရှင်အနုပညာရဲ့ အနေအထားကို ရုပ်ရှင်ဝါသနာပါတဲ့ သူတွေ သိစေချင်လို့ပါ"

ဒါရိုက်တာ ကြည်စိုးထွန်း

ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နဲ့ ညှိနှိုင်းပြီး လိုအပ်တဲ့ကွက်လပ်လေးတွေ ဝိုင်းဝန်းဖြည့်ဆည်းပေးနေပါတယ်။ အခုလည်း လာမယ့် အောက်တိုဘာ ၁၃ရက်မှာ ကျရောက်မယ့် မြန်မာ့ရုပ်ရှင်နေ့မှာ အများပြည်သူတွေအတွက် အမှတ်တရအဖြစ် ကျွန်တော်စုဆောင်းပြီး ရုပ်ရှင်ပြတိုက်ကိုလှူထားတဲ့ ရှေးဟောင်းအသံတိတ်ရုပ်ရှင်ကားဖြစ်တဲ့ 'ဖူး' ရုပ်ရှင်ကားကို အဲဒီနေ့မှာ ပြသဖို့ စီစဉ်ထားပါတယ်"ဟု ဒါရိုက်တာ ဦးကြည်စိုးထွန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဂုဏ်ပြုစီစဉ်

မြန်မာ့ရုပ်ရှင်နေ့ရောက်တိုင်း ရုပ်ရှင်နှင့်ပတ်သက်ပြီး ထူးခြားသည့်အစီအစဉ်များကို ထည့်သွင်းပြသလေ့ရှိရာ ယခုနှစ်၌ ရှေးဟောင်းအသံတိတ် ရုပ်ရှင်ဇာတ်ကားအား **'ဖူး'**ကို မြန်မာ့ရုပ်ရှင်နေ့အတွက် ဂုဏ်ပြုသောအားဖြင့် ပြသရန် စီစဉ်ထားခြင်းဖြစ်သည်။

"အဲဒီရုပ်ရှင်ဇာတ်ကားအမည်က 'ဖူး'လို့ ခေါ်ပါတယ်။ ၁၉၃၅ ခုနှစ်က စတင်ပြသခဲ့တဲ့ အသံတိတ် ရုပ်ရှင်ကားဖြစ်ပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရဲ့ ဖလင်ပိဋကတ်တိုက်မှာထားရှိတဲ့ ရုပ်ရှင်ဖြစ်ပါတယ်။ အဲဒီကတစ်ဆင့်ကူးပြီး ပြန်ယူလာတဲ့ ရုပ်ရှင်ဇာတ်ကား ဖြစ်ပါတယ်။ ဗန်ကောက်မှာရှိတဲ့ ဖလင်ပိဋကတ်တိုက်မှူး Done Savong က ခွင့်ပြုခဲ့တာပါ။ သူက ကျွန်တော့်မိတ်ဆွေ ဖြစ်ပါတယ်။ အဲဒီ ဇာတ်ကားကို မြန်မာနိုင်ငံ ထုတ်လုပ်သူတွေက ရောင်းခဲ့တာဖြစ်ပြီး သူတို့ဆီမှာ မူရင်း၃၅ဖလင်ရှိနေတယ်" ဟု ဒါရိုက်တာကြည်စိုးထွန်းက ဆက်လက် ပြောပြသည်။

ထိုစဉ်က မြန်မာရုပ်ရှင်ဇာတ်ကားများမှာ ပြည်ပနိုင်ငံများမှ စိတ်ဝင်စားပြီး ဝယ်ယူမှုများရှိခဲ့သဖြင့် ရောင်းချခဲ့ရသောကားများရှိလေသည်။ ယင်းရုပ်ရှင်ဇာတ်ကားမှာ **'ဖူး'**၊ **'ဂျပန့်ရင်သွေး'**နဲ့ **'မြဂနိုင်'**စသည့် ရုပ်ရှင်ဇာတ်ကားများဖြစ်သည်။

ကြည့်ရှုနိုင်

'ဖူး'ရုပ်ရှင်ဇာတ်ကားကို ပြသရခြင်းနှင့် ပတ်သက်၍လည်း **"ဒီရုပ်ရှင် ဇာတ်ကားမှာ ရုပ်ရှင်ပညာနဲ့ပတ်သက်တဲ့ အတုယူစရာ အများကြီးပါတယ်။ ကိုယ်ပျောက်ဇာတ်ပုံလှည့်စားမှု၊ အရုပ်ထပ်ပညာတွေနဲ့ ဆက်တင် ပညာတွေလည်း ပါဝင်တာမို့ ရှေးမြန်မာ့ရုပ်ရှင်အနုပညာရဲ့ အနေအထားကို ရုပ်ရှင်ဝါသနာပါတဲ့သူတွေ သိစေချင်လို့ပါ၊ ပြတဲ့အခါမှာလည်း မြန်မာ့တီးဝိုင်း ထည့်မယ်၊ ဒီနေ့ သရုပ်ဆောင်တွေက အသံနဲ့ပြောပေးမယ်၊ ဇာတ်ဝင်ခန်းအလိုက်ပေါ့၊ ရုပ်ရှင်ဇာတ်ကားတစ်ကားလုံးမှာ အချိန် မိနစ် ၄၀လောက်ပဲ ကြာမှာပါ။ စိတ်ဝင်စားတဲ့ လူတိုင်း အခကြေးငွေမပေးရဘဲ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမမှာ လာရောက်ကြည့်ရှုနိုင်ပါတယ်။ ပြသမယ့်ရက်ကတော့ မြန်မာ့ရုပ်ရှင်နေ့အကြို အောက်တိုဘာ ၁၁ရက်လောက် ခန့်မှန်းထားပါတယ်"**ဟု ဒါရိုက်တာဦးကြည်စိုးထွန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

နန်းတွင်းဟာသကား

'ဖူး' အမည်ရှိ အသံတိတ်ရုပ်ရှင်ဇာတ်ကားမှာ ဒါရိုက်တာဦးတင်နွယ်က ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး နန်းတွင်းဟာသကားဖြစ်ကြောင်း သိရသည်။ ထို့နောက် **'ဖူး'** ရုပ်ရှင်ဇာတ်ကားကို ပြန်လည်တည်းဖြတ်ပြင်ဆင်နေသည့် အေဝမ်းသိန်းထွဋ်ကလည်း **"ဒီရုပ်ရှင်က မြန်မာဆွေဦးဘညွန့်ရဲ့သား**

ဒါရိုက်တာ ဦးတင်နွယ်၏ ရှေးဟောင်း အသံတိတ်ရုပ်ရှင်ကားဖြစ်သော **'ဖူး'** ဇာတ်ကားမှ စိတ်ဝင်စားဖွယ် ဇာတ်ဝင်ခန်းတစ်ခန်း။

အကြီးဆုံး ဦးတင်မောင်နဲ့ ဦးညီပုတို့ရဲ့ အစ်ကိုအကြီးဆုံး ဖြစ်တဲ့ ဒါရိုက်တာ ဦးတင်နွယ် ရိုက်ကူးခဲ့တာ ဖြစ်ပါတယ်။ တစ်နည်း ပြောရရင် ကျွန်တော့်ရဲ့ အဘိုး ရုပ်ရှင်ဇာတ်ကားပါ။ ဒီရုပ်ရှင်ကို ပြန်ကြည့်တဲ့အခါ အခန်းတွေက မပြည့်စုံတော့ဘူး၊ နောက်ပြီး ဒီရုပ်ရှင်က သံစုံသွင်း ရုပ်ရှင်ဇာတ်ကားပုံစံဖြစ်နေတယ်။ သံစုံသွင်းဆိုတာ အောက်ကလိုက်ပြောပေးရတဲ့ ဇာတ်ကားမျိုးကို ဆိုလိုတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ တချို့အခန်းတွေမှာ အရုပ်ပေါ်မှာ စာတင်ထားတာ တွေ့ရတယ်" ဟု အေဝမ်းသိန်းထွဋ်က ရှင်းပြသည်။

အသံတိတ်ခေတ်

ထိုခေတ်က အရုပ်ပေါ်လိုက် စာတန်းပျောက်လိုက်၊ စာတန်းပေါ်လိုက် အရုပ်ပျောက်လိုက်ခေတ်ကာလလည်း ရှိခဲ့သည်ဖြစ်ရာ ယင်းအချိန်က ရိုက်ကူးခဲ့ခြင်းဖြစ်ဟန်တူသည်။ အသံတိတ်ခေတ်၌ နောက်က သီချင်းဆိုမှုကို သရုပ်ဆောင် ကြူကြူသင်းတို့ အမေက သီဆိုပေးခဲ့ဖူးကြောင်း သိရသည်။

"ကျွန်တော့် အမေ ဒေါ်ခင်လှဲ့ကလည်း ဒီရုပ်ရှင်ကိုကြည့်ခဲ့ကြိုက်ခဲ့တော့ မှတ်မိနေတယ်။ဒါကြောင့် အမေ့ အကူအညီနဲ့ ကျွန်တော်ကြိုးစားပြီး ရှေ့နောက် အရုပ်တွေ ပြန်စီလို့တော့ရပါပြီ။ ဒီရုပ်ရှင်က ရာဇဝင်အုပေါက်ဇာတ်မြူး အမျိုးအစားပါ။ ဖူး အဖြစ် ပန်းချီဆရာကြီး ဦးသိန်းမောင်၊ မင်းသမီးအဖြစ် မြင့်မြင့်၊ မှူးမတ်အဖြစ် ဦးချင်းစိန်၊ မိဖုရားကြီး အဖြစ် ဒေါ်ဂျမ်းစိန်၊ မင်းကြီး အဖြစ် ဦးထွား၊ မင်းလုလင်အဖြစ် ဦးသာဂေါင်ကြီး၊ မင်းလုလင်အဖြစ် စိုင်တမော့တို့ ပါဝင်သရုပ်ဆောင်ထားပြီး အိပ်ရင် တဖူးဖူးနဲ့ အသံထွက်တတ်တဲ့ မင်းသားတစ်ဦးရဲ့အကြောင်းကို ဟာသအဖြစ် ရိုက်ကူးထားတာပါ။ ဒီရုပ်ရှင်ကို ကြည့်ပြီး ကျွန်တော့်ဘိုးဘိုးကို အံ့သြရတယ်၊ ရှေးလူကြီးတွေရဲ့ ရုပ်ရှင်ပညာ ထက်မြက်ပုံ၊ ရိုက်ကူးပုံသပ်ရပ်မှု၊ လူဦးရေအများကြီးနဲ့ ခမ်းခမ်းနားနား နိုင်နိုင်နင်းနင်း ရိုက်ကူးထားမှုဟာ အံ့သြစရာ ကောင်းပါတယ်၊ ဒါတွေကို ရုပ်ရှင်အနုပညာ မြတ်နိုးသူတွေ သိစေမြင်စေ ချင်ပါတယ်"ဟု အေဝမ်းသိန်းထွဋ်က ရှင်းပြသည်။

အထိမ်းအမှတ်

ထို့ကြောင့် လာမည့် အောက်တိုဘာ ၁၃ရက်၌ကျရောက်မည့် မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်အဖြစ်ပြသမည့် လွန်ခဲ့သည့်နှစ်ပေါင်း ၇၃ခုနှစ်က ရိုက်ကူးခဲ့သော **'ဖူး'**ရုပ်ရှင်ကားမှာ စိတ်ဝင်စားစရာကောင်းသည့်အပြင် ကြည့်ရှုလေ့လာကြရမည့် သမိုင်းဝင် မြန်မာ့ရုပ်ရှင်ကားဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

● *ကျောဖုံးမှ ကမ္ဘာတစ်လွှား ထူးထူးခြားခြားအညွှန်း*

လီတာ ၂၅၂၀၀ရှိသော ဟင်းသီးဟင်းရွက်ရည်များကို မြို့သူမြို့သား ၄၀၀၀ က စုပေါင်းချက်ပြုတ်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ စွပ်ပြုတ်တွင် ရေ ၁၈၁၆၇လီတာ၊ ဟင်းရွက် ကီလိုဂရမ် ၅၀၀၀၊ အာလူးနှင့် ကြက်သွန်ကီလိုဂရမ် ၁၂၀၀၊ အသားမှုန့် ၃၃၃ကီလိုဂရမ်၊ ဆား ၁၂၅ကီလိုဂရမ်၊ ခရမ်းချဉ်သီး ကီလိုဂရမ် ၆၀၊ အမွှေးအကြိုင် ၂၅ကီလိုဂရမ်နှင့် ငရုတ်မှုန့် ၂၅ကီလိုဂရမ်တို့ ပါဝင်ထည့်သွင်း ချက်ပြုတ်ထားခြင်းဖြစ်သည်။

ဆက်ကြိုးစားမည်

မာနူကူမြို့သူမြို့သားများအနေဖြင့် ယခုထက်ပိုမိုကြီးမားသည့် စွပ်ပြုတ်ကို ထပ်မံချက်ပြုတ်ခြင်းဖြင့် ဂင်းနက်စ်မှတ်တမ်း စံချိန်သစ်တင်ရန် ဆက်လက်ကြိုးစားသွားမည်ဟု ဆိုသည်။

ကမ္ဘာ့အကြီးဆုံးဂီတာ

ဂျာမနီနိုင်ငံ ဘာလင်မြို့တောင်ဘက် ၃၁မိုင်ခန့်အကွာ စတောကောမြို့တွင် ကမ္ဘာပေါ်၌အကြီးဆုံးဂီတာ (အပေါ်ပုံ)တစ်လက်ကို ပြုလုပ်လိုက်ခြင်းဖြင့် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သည်။

ပူးပေါင်းလုပ်ကိုင်

အဆိုပါ ဧရာမဂီတာသည် အရှည် ၁၄ဒသမ၈၁မီတာနှင့် အမြင့် ၄ဒသမ၂၁ မီတာရှိကြောင်း သိရသည်။ ယင်းဂီတာကို ဒိုင်ဒီဆင့်ဖ်အမည်ရှိ အမျိုးသားတစ်ဦးက ဦးဆောင်ကာ လူ ၂၀တို့က ပူးပေါင်းလုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

ထားရှိ

ယခင်က ကမ္ဘာ့အကြီးဆုံးဂီတာကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းစံချိန်တင်ထားသည့် ဂီတာ၏အရွယ်အစားမှာ အရှည် ၁၂ မီတာသာရှိသည်။ ယခုပြုလုပ်ထားသည့် ကမ္ဘာ့အကြီးဆုံးဂီတာကြီးကို ဂျာမနီနိုင်ငံအရှေ့ပိုင်းရှိ ပြတိုက်တစ်ခုတွင် ထားရှိမည်ဖြစ်ကြောင်းသိရသည်။

ထီးချိုင့်မြို့ သာယာလှပရေး ဆောင်ရွက်

ထီးချိုင့် စက်တင်ဘာ ၂၀

ထီးချိုင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့စိမ်းလန်းစိုပြည်သာယာလှပရေး လုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဩဂုတ်၃ရက်က ဗိုလ်ချုပ်လမ်း အထက ကျောင်းရှေ့တွင် ပန်းအလှပင်များ ပြန်လည်စိုက်ပျိုးခြင်းကို အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်အောင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

တံတားတိုင်လုပ်ငန်းများ ဆောင်ရွက်နေစဉ် အခြားဆက်စပ်လုပ်ငန်းများပါ စီမံချက်ရေးဆွဲဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် စက်တင်ဘာ ၁၅ရက် နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် ဟိုပင်မြို့မှထွက်ခွာ၍ ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ်(၂၁၃/၁)၌ လမ်းမျက်နှာပြင် ချောင်းကျောက်တင် ခင်းကြိတ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၅)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော နန့်ခွင်ချောင်းတံတား တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၅)မှ အင်ဂျင်နီယာမှူး ဦးဇော်ဝင်းမြင့်က တံတားလုပ်ငန်းများဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

စီမံချက်ရေးဆွဲ

ယင်းနောက် ဝန်ကြီးက တံတားလုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုမရှိအောင်ဆောင်ရွက်ရန်၊ တံတားတိုင်လုပ်ငန်းများဆောင်ရွက်နေစဉ် အခြားဆက်စပ်လုပ်ငန်းများကိုပါ စီမံချက်ရေးဆွဲ ဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါ နန့်ခွင်ချောင်းတံတား အမျိုးအစားမှာ အပေါ်ထည်သံပေါင်နှင့် အောက်ခြေရေတွင်းခွေအုတ်မြစ်ဖြင့်တည်ဆောက်ထားပြီး တံတားအရှည် ၂၆၂ပေ ၆လက်မ၊ ယာဉ်သွားလမ်းအကျယ် ၁၂ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၃၅တန်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါလမ်းပေါ်ရှိ မိုးကောင်းတံတားကြံ့ခိုင်မှုနှင့် ရေစီးရေလာအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး နမ္မတီး-တနိုင်း လမ်းပေါ်ရှိ ယုဇနကုမ္ပဏီစီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် တံတားများပြုပြင်ထိန်းသိမ်းမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်းသည် အဓိကကျသည့်လမ်းဖြစ်သည့်အတွက် လမ်းတံတားများပြုပြင်ထိန်းသိမ်းမှုအပိုင်းကို ဦးစားပေးဆောင်ရွက်ရန် မှာကြားပြီး အဆိုပါလမ်းပေါ်ရှိ ဝရဇွပ်တံတားအခြေအနေကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသိန်းဆွေ နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်ပျဉ်းမနားခရိုင် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၀

နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)နှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်၉နာရီက နေပြည်တော်ပျဉ်းမနားရှိ မင်္ဂလာကန်တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နေပြည်တော် ပျဉ်းမနားခရိုင်နာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်တက်ရောက်၍ အမှာစကားပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဦးသိန်းဆွေက အမှာစကားပြောကြားပြီး အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဦးသိန်းဆွေနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးခင်မောင်ဌွေးတို့က လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဦးသိန်းဆွေ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးခင်မောင်ဌွေးနှင့် တွဲဖက်အတွင်းရေးမှူး ဦးဇော်တင့်တို့က ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူး ရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူရှစ်ဦး၊ ငါးဘာသာ ဂုဏ်ထူး ရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူ၁၅ဦးနှင့် နေပြည်တော်ပျဉ်းမနားခရိုင်၌ ဝိဇ္ဇာဘာသာတွဲတွင် အမှတ်အများဆုံးဆုရ နေပြည်တော်လယ်ဝေး သစ်ပုတ်ပင်အခြေခံပညာ အထက်တန်းကျောင်းခွဲမှ မောင်ပြည့်ဖြိုးနိုင်တို့အား ဆုများပေးအပ်ချီးမြှင့်ကြပြီး နေပြည်တော်ပျဉ်းမနားခရိုင် အတွင်းရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများသို့ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ ဧရာဝတီတိုင်း လေဘေးသင့်ဒေသများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် အသင်းဝင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ကြသည်။

အမှာစကားပြော

ယင်းနောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးပွဲကို ဆက်လက်ကျင်းပပြီး သဘာပတိ နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌွေးက အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ်(၁)ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား ဧည့်သည်အဖွဲ့တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၀

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC and Sinohydro Joint Venture CCYW ကုမ္ပဏီမှ President, Ms.Jean Zhou Oin နှင့် DeputyManaging Director, Mr.Shen Decai နှင့်အဖွဲ့သည် စက်တင်ဘာ၁၈ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း၏ တာဘိုင်ဂျင်နရေတာနှင့် Hydraulic Steel Structure များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ (သတင်းစဉ်)

တိုင်းရင်းဆေးပညာ အခြေခံသင်တန်း ဆားလင်းကြီးမြို့နယ်တွင် ဖွင့်လှစ်

ဆားလင်းကြီး စက်တင်ဘာ ၂၀

ဆားလင်းကြီးမြို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှဖွင့်လှစ်သော တိုင်းရင်းဆေးပညာ အခြေခံသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၆ရက် နံနက်၉နာရီက ဆားလင်းကြီးမြို့ အမှတ်(၁)ရပ်ကွက်ချမ်းသာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌွေးဌွေးဝင်းက တိုင်းရင်းဆေးပညာ အခြေခံသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပို့ချ

ထို့နောက် မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မော်မော်အောင်နှင့် ဒေါ်ပြည့်စုံဝင်းတို့က တိုင်းရင်းဆေးပညာ သိကောင်းစရာ ဘာသာရပ်များကို ဆွေးနွေးပို့ချသည်။ သင်တန်းတွင် သင်တန်းသူ ၃၅ဦး တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပထမမိုးစပါးရိတ်သိမ်း ဒုတိယမိုးစပါးစိုက်ပျိုးပွဲ ကျောက်ကုန်းမြို့နယ်တွင် ကျင်းပ

ကျောက်ကုန်း စက်တင်ဘာ ၂၀

ပထမမိုးစပါးရိတ်သိမ်းပွဲနှင့် ဒုတိယမိုးစပါးစိုက်ပျိုးပွဲ၊ တောင်သူများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၁၃ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ကျောက်ကုန်းမြို့နယ် ကံ့ဖားရိုးကျေးရွာရှိ အဆိုပါမဏ္ဍပ်တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညဏ်လှိုင်က အမှာစကားပြောကြားသည်။ အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးမောင်ဝင်းက ကံ့ဖားရိုးကျေးရွာအုပ်စုအတွင်း စိုက်ပျိုးရေး အောင်မြင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်သမားကြီးဦးမောင်ဌွေး၏IR-747 စပါးအမျိုးအစား လယ်မြေ လေးဧကတွင် ပထမမိုးစပါး စံကွက်ရိတ်သိမ်းပွဲ၊ ဒုတိယမိုးစပါး ပြန်လည်စိုက်ပျိုးပွဲနှင့် ရိတ်သိမ်းပြီးစပါးများကို စပါးခြွေစက်ဖြင့် လက်တွေ့ခြွေလှေ့ပွဲပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးညဏ်လှိုင်၊ မြို့နယ်စိုက်ပျိုးမြှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များနှင့် တောင်သူများ တက်ရောက်ကြည့်ရှု အားပေးကြကြောင်း သိရသည်။ (ဝဲပုံ) (၁၅၄)

စပါးအထွက်နှုန်း တိုးတက်မြင့်မားရေး နည်းပညာပေးဟောပြောပွဲ ကျင်းပ

ခန္တီး စက်တင်ဘာ ၂၀

ခန္တီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့်စပါးအထွက်နှုန်း တိုးတက်မြင့်မားရေး နည်းပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၅ရက် မွန်းလွဲ ၁ နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်း သာ ယာ ရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးဝင်းမြင့်က စပါး အထွက်တိုး နည်းပညာရပ်များကို ဟောပြောသည်။ ထို့နောက် ခရိုင်နှင့် မြို့နယ်အဆင့် စိုက်ကြပ်အဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းရာ ခရိုင်စိုက်ပျိုးရေး မန်နေဂျာက ပြန်လည်ဖြေကြားသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်လွင်၊ ခရိုင်၊ မြို့နယ်အဆင့် စိုက်ကြပ် အဖွဲ့ဝင်များ၊ ကျေးရွာ အသီးသီးမှ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌများနှင့် စာရေးများ စုစုပေါင်း အင်အား ၇၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တမူးမြို့နယ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

တမူး စက်တင်ဘာ ၂၀

တမူးမြို့နယ် (၁၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၃၀ရက်က အထက ကဘော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြိုင်ပွဲဝင်များက အောင်စေပိုင်စေ သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြပြီး ခရိုင်အတွင်းရေးမှူး ဦးစိုးမြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းတို့က အဖွင့်အမှာစကားပြောကြားကြ၍ ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဥတုရာသီ

တောကိုမီး၏

ကျောက်တံခါးကျေးလက်လမ်း ဂဝံခင်းရန် ကျောက်စုဆောင်း

ကျောက်တံခါး စက်တင်ဘာ ၂၀

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရင်းတိုက်ကုန်း-ကျွန်းချောင်းလမ်း ဂဝံခင်းရန်အတွက် ကျောက်စုဆောင်းထားမှုကို စက်တင်ဘာ၁ရက်က အမှုဆောင်အရာရှိ ဦးလွန်းတင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့ကွင်းဆင်းကြည့်ရှုရာလုပ်ငန်းတာဝန်ခံအငယ်တန်းအင်ဂျင်နီယာ(၂) ဦးဟိန်းဇော်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပဲခူးမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဝင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်ရေးဆောင်ရွက်

မိတ္ထီလာ စက်တင်ဘာ ၂၀

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် ကတ္တရာလမ်းများ တိုးချဲ့ခင်းခြင်း၊ ထပ်ပိုးလွှာတင်ခြင်း၊ လမ်းပေါက်များ ပြုပြင်ဖာထေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၁၉ရက်က မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်မောင်မြင့်သည် မိတ္ထီလာမြို့ ဖောင်တော်ဦးဘုရားလမ်း ကတ္တရာလမ်း ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်သို့ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် လုပ်ငန်းခွင်အင်ဂျင်နီယာတို့က လိုက်လံရှင်းလင်း တင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ညောင်လေးပင်မြို့နှင့် ပဲခူးမြို့ရှိ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ မွန်းလွဲ၁နာရီတွင် ပဲခူးတိုင်း(အရှေ့ပိုင်း) ညောင်လေးပင်မြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိရာ ဝန်ကြီးအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များက ကြိုဆိုကြသည်။

ကာကွယ်တားဆီး

ထို့နောက် ဝန်ကြီးသည် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၏ စက်စွမ်းအားပြည့်၊ အချိန်ပြည့်ထုတ်လွှင့်နိုင်ရေး၊ အရုပ်နှင့်အသံ အရည်အသွေးမီမီ ထုတ်လွှင့်နိုင်ရေး၊ စက်ပစ္စည်းများ ဂရုပြုကိုင်တွယ်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စက်များ အစဉ်ကြံ့ခိုင်စေရန်ဆောင်ရွက်ထားရှိရေး၊ စက်ရုံ မီးဘေး၊ လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်များကို အစဉ်ဂရုပြုရေး၊ အဖျက်အမှောင့်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုမှ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးတို့နှင့်စပ်လျဉ်းပြီး အသေးစိတ်မှာကြားခဲ့သည်။

စွမ်းအားပြည့်ထုတ်လွှင့်

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲ ၂နာရီတွင် ပဲခူးမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိပြီး နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများအား တွေ့ဆုံသည်။ ထို့နောက် စက်ရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံ၏စက်စွမ်းအားပြည့် ထုတ်လွှင့်နိုင်ရေးနှင့် လုံခြုံရေးကိစ္စများ မှာကြားခဲ့သည်။

(သတင်းစဉ်)

သစ်သီးပုံဖော်နည်း သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော သစ်သီးပုံဖော်နည်းသင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၇ရက် ညနေ ၃နာရီက တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ သင်တန်းနည်းပြနှင့်သင်တန်းသူများတက်ရောက်ကြသည်။

တက်ရောက်

သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ခဲ့ပြီး သင်တန်းသူ၅၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ပါကစ္စတန် အစ္စလမ္မာဘတ်မြို့၌ ဟိုတယ်ဗုံးခွဲတိုက်ခိုက်ခံရ ၄၀ကျော်သေဆုံး၊ အများအပြားဒဏ်ရာရ

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၀

ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလမ္မာဘတ်မြို့ ကြယ်ငါးပွင့်အဆင့်ရှိ မာရီရော့တ်ဟိုတယ်ကို စက်တင်ဘာ ၂၀ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ၄၀ကျော်သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။ **(ဝဲပုံ)**

သေဆုံး

အဆိုပါဟိုတယ်သည် စီးပွားရေးလုပ်ငန်းရှင်နှင့်ကမ္ဘာလှည့်ခရီးသည်အများစု တည်းခိုရာဟိုတယ်ဖြစ်ပြီး အသေခံကားဗုံးခွဲ တိုက်ခိုက်ချိန်၌ ဧည့်သည်၁၀၀ကျော် ဟိုတယ်အတွင်းရှိနေသည်။ ဗုံးခွဲတိုက်ခိုက်မှုမှာ အင်အားပြင်းထန်ကြောင်း၊ မီးလောင်မှုများဖြစ်ပွားလျက်ရှိကြောင်း၊ ဗုံးခွဲတိုက်ခိုက်မှု၌ ၄၀ကျော်သေဆုံးပြီး အများအပြားဒဏ်ရာရရှိကြောင်းသိရသည်။ **(အောက်ပုံ)** အသေခံကားဗုံး ဖောက်ခွဲတိုက်ခိုက်ခဲ့သူများက ဗုံးများတင်ဆောင်ထားသည့် မော်တော်ယာဉ်နှစ်စီးဖြင့် အဆိုပါ ဟိုတယ်ရှေ့ ဝင်ပေါက်ကို အတင်းမောင်းကာ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ကားဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် ဟိုတယ်အခန်းပေါင်းများစွာ မီးလောင်ကျွမ်းခံရကြောင်း၊ မီးကို ကြိုးစားငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

ရုရှားဒုံးပျံ အာကာသသို့လွှတ်တင် ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်

မော်စကို စက်တင်ဘာ ၂၀

ရုရှားနိုင်ငံ ဘိုင်ကူနောအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ စက်တင်ဘာ ၂၀ရက် ဒေသစံတော်ချိန် ၁နာရီ၄၈မိနစ်က ကနေဒါနိုင်ငံမှ ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သွားသည့် ရုရှားဒုံးပျံတစ်စင်းအား လွှတ်တင်လိုက်သည်။ အဆိုပါ ကနေဒါဂြိုဟ်တုသည် အလေးချိန်ကီလိုဂရမ် ၄၈၅၀ လေးပြီး ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းမှ ဆက်သွယ်ရေးလုပ်ငန်းများကို ၁၅နှစ်တာ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်သည်။

တောင်အာဖရိကသမ္မတ အမ်ဘီကီ နုတ်ထွက်

ကိတ်တောင်း စက်တင်ဘာ ၂၀

တောင်အာဖရိကသမ္မတ သာဘိုအမ်ဘီကီသည် အာဖရိကအမျိုးသားကွန်ဂရက်(အေအင်န်စီ)၏ ဖိအားပေးမှုအရ သမ္မတရာထူးမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း တောင်အာဖရိက မီဒီယာများက စက်တင်ဘာ၂၀ရက်၌ ဖော်ပြသည်။ သမ္မတ သာဘိုအမ်ဘီကီနှင့်အတူ ဒုတိယသမ္မတ ဖန်စီလီအမ်လမ်ဘိုနကူကာလည်း ရာထူးမှနုတ်ထွက်ကြောင်း သတင်း၌ ဖော်ပြသည်။

အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုမတ်နုတ်ထွက်မည်

ဂါဇာ စက်တင်ဘာ ၂၀

အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုမတ်သည် စက်တင်ဘာ၂၁ရက်(ယနေ့)၌ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်မည့်သတင်းကို ကြေညာမည်ဖြစ်ကြောင်း အစ္စရေးအစိုးရ အရာရှိများက ပြောကြားသည်။

အီဟွတ်အိုမတ်၏ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်လွှာကို အစ္စရေးသမ္မတ ရှီမွန်ပီရက်စ်ထံ ပေးပို့မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်၌လေယာဉ်ပျက်ကျ ခြောက်ဦးသေဆုံး

နယူးယောက် စက်တင်ဘာ ၂၀

အမေရိကန်နိုင်ငံ မြောက်ကယ်ရိုလိုင်းနားပြည်နယ်တွင် စက်တင်ဘာ ၂၀က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ အနည်းဆုံးခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်သည် စက်တင်ဘာ၂၀ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီမှစတင်ကာ လူခြောက်ဦးအား သယ်ဆောင်ပျံသန်းခဲ့ပြီး မြောက်ကယ်ရိုလိုင်းနားပြည်နယ်အရှေ့တွင် အင်ဂျင်ချွတ်ယွင်းပြီး ပျက်ကျခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝပဗေဒအဖွဲ့ ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကျင်းပမည့် "Current Concepts: Traumatic Wound Infection" ဟောပြောပွဲကို စက်တင်ဘာ၂၇ရက် (စနေနေ့) နံနက်၉နာရီမှ မွန်းတည့်၁၂နာရီအထိ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ)၌ ကျင်းပမည်ဖြစ်သည်။

မှတ်ပုံတင်နိုင်

စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုသူများသည် ဆေးတက္ကသိုလ်(၁) လမ်းမတော် အဏုဇီဝဗေဒဌာန၊ ဆေးတက္ကသိုလ်(၂) အဏုဇီဝဗေဒဌာနနှင့် တပ်မတော်ဆေးတက္ကသိုလ် အဏုဇီဝဗေဒ ဌာနတို့တွင် နံနက်၁၀နာရီမှ ညနေ၄နာရီအတွင်း သို့မဟုတ် ဟောပြောမည့်နေ့တွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ) သိမ်ဖြူလမ်း၌ မှတ်ပုံတင်နိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

○ ကျောဖုံးမှ

သည် ၁၉၈၅ခုနှစ်ကစပြီး နှစ်စဉ်ကျင်းပပေးခဲ့သည့်အတွက် ယခုနှစ်ဆိုလျှင် (၂၄)ကြိမ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ အားကစားအဆင့်အတန်းတိုးတက်မြင့်မားမှုသည် နိုင်ငံတော်၏ ဂုဏ်ကို မြှင့်တင်ပေးနိုင်သကဲ့သို့ အားကစား အောင်နိုင်မှုသည်လည်း နိုင်ငံသားများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မျိုးချစ်စိတ်ဓာတ်ကို လှစ်ဟပြသနိုင်ကြောင်း၊ တစ်ချိန်က မိမိတို့နိုင်ငံ၏ဘောလုံးအသင်းသည် အောင်မြင်မှုအရှိန်အဟုန် ကြီးမားခဲ့ဖူးကြောင်း၊ အရှေ့တောင်အာရှနှင့် အာရှပြိုင်ပွဲများတွင် အကြိမ်ကြိမ် အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ထိုခေတ်အခါက မြန်မာလက်ရွေးစင်ဘောလုံးအသင်းတွင် တပ်မတော်သားများသည် အမာခံအဖြစ် ပါဝင်ခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံ လက်ရွေးစင်ဘောလုံးအသင်း၏ နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မှုကို ကြည့်လျှင် ၂၀၀၇ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပသည့် မဲခေါင်ဒေသ ငါးနိုင်ငံ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲတွင် ရှုံးပွဲလုံးဝမရှိဘဲ အနိုင်ရဗိုလ်စွဲခဲ့ကြောင်း၊ မလေးရှားနိုင်ငံတွင် ကျင်းပသည့် (၃၉)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိခဲ့ကြောင်း၊ မာဒေးကားဘောလုံးပွဲသမိုင်းတစ်လျှောက် ဗိုလ်လုပွဲရှစ်ကြိမ် တက်ရောက်ခဲ့ကာ လေးကြိမ်တိတိ အနိုင်ရဗိုလ်စွဲခဲ့ဖူးသည့် အသင်းဖြစ်ကြောင်း၊ ထိုသို့အောင်ပွဲများရရှိခဲ့သည့် ဘောလုံးအသင်းများတွင် တပ်မတော်သား အားကစားသမားများလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ နိုင်ငံလက်ရွေးစင်ဘောလုံး အသင်းတွင် ပါဝင်ယှဉ်ပြိုင်ကစားပြီး နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် အားကစားသမားအဖြစ် ရွေးချယ်ခံရအောင် ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် မှာကြားလိုကြောင်း၊ အားကစားလောကတွင် ထူးချွန်အောင်မြင်ရန်အတွက် အဓိကလိုအပ်ချက်သည် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ရေးပင်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကောင်းမွန်မှသာ ကိုယ်ရည်ကိုယ်သွေးနှင့်စွမ်းရည်ထက်မြက်သည့် အားကစားသမားကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အားကစားအဆင့်အတန်းတိုးတက် အောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ပေးသည့် ဂုဏ်ဒြပ်ဖြစ်သဖြင့် အားကစားအဆင့်အတန်း မြင့်မားတိုးတက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက် ခံယူကြိုးပမ်းကြရန်လိုကြောင်း၊ စိတ်ဓာတ် စည်းကမ်းကောင်းမွန်စွာ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ကစားကြပြီး တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရွေးစင်အဖြစ်မှသည် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်ဘောလုံးသမားကောင်းများဖြစ်အောင် ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသွားသည်။

ချီတက်အလေးပြု

ထို့နောက် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်အား ပြိုင်ပွဲဝင် ဘောလုံးအသင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

အနိုင်ရရှိ

ဖွင့်ပွဲ အခမ်းအနား အပြီးတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(သတင်းစဉ်)**

အခြေခံဘတ်စကက်ဘော ဒိုင်လူကြီးသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ကြီးမှူးဖွင့်လှစ်မည့် အခြေခံဘတ်စကက်ဘော ဒိုင်လူကြီးသင်တန်း ၁/၂၀၀၈ ကို အောက်တိုဘာ ၁၀ရက်မှစ၍ ရန်ကုန်မြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဆက်သွယ်

အဆိုပါသင်တန်းကို မည်သည့် ဘတ်စကက်ဘောပြိုင်ပွဲတွင်မဆို ပါဝင်ကစားဖူးသူ အသက်၃၅နှစ်အောက်ရှိသူ မည်သူမဆို တက်ရောက်နိုင်ပြီး နှစ်ပတ်ခန့်ကြာမြင့်မည်ဖြစ်သည်။ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများ၏ နေထိုင်စားသောက်စရိတ်များကို မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ အကုန်အကျခံ ဆောင်ရွက်ပေးမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ သင်တန်းမှာ အောက်တိုဘာ ၁၀ ရက်တွင် စတင်မည်ဖြစ်သောကြောင့် စာရင်းပေးသွင်းထားသူများအနေဖြင့် အောက်တိုဘာ ၉ ရက်ထက် နောက်မကျဘဲ ကျိုက္ကဆံအားကစားရုံသို့ လာရောက်ကြရမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၁၀၆၁နှင့် ၀၉-၅၁-၅၉၅၉၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)
၂၁-၉-၂၀၀၈ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၀၅ ၆။ အတီးပြိုင်ပွဲ
- ၈း၁၅ ၇။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ)ဝါသနာရှင်(ဒုတိယတန်း) အဆင့် (အမျိုးသား)**
- ၈း၃၀ ၈။ International News.
- ၈း၄၀ ၉။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၂၀ ၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၁း၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေမေ့မေတ္တာ ကုဋေကုဋာ** (အပိုင်း-၆)
- ၁၂း၃၀ ၅။ **နတ်ဝိညာဉ်စစ်ဆင်ရေး** နိုင်းနိုင်း၊ ကျော်ဇောဟိန်း၊ မင်းရာဇာ၊ မြင့်မိုရ်၊ မေသန်းနု၊ တင့်တင့်ထွန်း၊ မျိုးစန္ဒီကျော်၊ စိုးမိုးကြည်၊ အေးဝတ်ရည်သောင်း၊ ဝိုင်းစုခိုင်သိန်း ဒါရိုက်တာ-မောင်မောင်ဦး (စန်းပွိုက်)

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄း၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၄၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၅၅ ၆။ အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းအခြေခံပညာကျောင်းများ ဝတ်ရွတ်ပြိုင်ပွဲ(ပထမဆု) အထက(၂)လသာ (လသာရတနာဝတ်အသင်း)
- ၅း၁၅ ၇။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ခေတ်အကြိုက်တေးသီချင်းများ)ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)**
- ၅း၃၀ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၄၀ ၁၁။ လူနတ်နှစ်လီတစ်ရစ်စီ ရွှေနတ်တောင်စေတီ
- ၆း၅၀ ၁၂။ တေးဂီတအစီအစဉ်
- ၇း၀၅ ၁၃။ လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာ မိုးစပါးအကူ ထွန်ယက်စိုက်ပျိုးရေး
- ၇း၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားလေးချစ်ပုံပြင်** (အပိုင်း-၃၃)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး** (အပိုင်း-၂၄)

မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ မြန်မာ့မီးရထားနှင့် သစ်တောရေးရာ တစ်မှတ်စီခွဲယူ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင်
စာမျက်နာဖွဲ့စည်းမှု သန်းဇော်(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၀

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းကွင်းတွင် ဆက်လက်ကျင်းပရာ မြန်မာ့မီးရထားအသင်းနှင့် သစ်တောရေးရာအသင်းတို့ တစ်ဖက်တစ်ဂိုးစီနဲ့ သရေပွဲဖြစ်သွားပါတယ်။

မြန်မာ့မီးရထားအသင်း - တစ်ဂိုး
သစ်တောရေးရာအသင်း - တစ်ဂိုး

ခေါ်ယူအားဖြည့်

ဒီနေ့ပွဲသရေကျသွားတာကတော့ မြန်မာ့မီးရထားအသင်းရဲ့ ဒုတိယပိုင်း ကစားပုံကြောင့်ဆိုရင် မမှားပါဘူး။ မြန်မာ့မီးရထားအသင်းရဲ့ ဒုတိယပိုင်း ကစားပုံကတော့ ချီးကျူးရမှာဖြစ်ပြီး သမ္ဘာရင့်ကစားသမားအများစုပါဝင်တဲ့ သစ်တောအသင်းကို အသာစီးကနေကစားပြီး ချေပဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ အမှတ်ပေးပြိုင်ပွဲမှာ တန်းဆင်းဇုန်ထဲ ရုန်းကန်ခဲ့ရတဲ့ သစ်တောအသင်းဟာ အခုနှစ်မှာ အဲဒီလို မဖြစ်ဖို့နဲ့ ရလဒ်ကောင်းတွေ ရရှိဖို့ လက်ရွေးစင်နည်းပြဟောင်း ဦးတင်ဟန်ကို နည်းပြအဖြစ် ခန့်အပ်ခဲ့သလို ကမ္ဘောဇမှ ထွန်းမင်းဦး၊ ပို့ဆောင်ရေးမှ နန္ဒလင်းကျော်ချစ်တို့ကို ခေါ်ယူအားဖြည့်ထားပါတယ်။

ခေါင်းတိုက်သွင်းယူ

ထွန်းမင်းဦး၊ ညီညီစိုး၊ အောင်လတ်သူတို့ ဦးဆောင်လာတဲ့ သစ်တောရေးရာအသင်းကတော့ ပထမပိုင်းမှာ မြန်မာ့မီးရထားအသင်းဘက်ကို ပိုဖိကစားနိုင်ခဲ့သလို ဂိုးသွင်းခွင့်တွေလည်း ပိုမိုရရှိခဲ့ပါတယ်။ သစ်တောအသင်းဟာ နန္ဒလင်းကျော်ချစ်ရဲ့ ညာခြမ်းကိုသာ အဓိကထား ထိုးဖောက်ခဲ့ပြီး တိုက်စစ်ကိုလည်း အဲဒီကသာ ပုံဖော်ခဲ့ပါတယ်။ ဒါပေမယ့် တစ်ကြိမ်မှုမီးရထားအသင်းရဲ့ ဂိုးပေါက်ကို မခြိမ်းခြောက်နိုင်ခဲ့ပါဘူး။ ၁၇မိနစ်မှာ ခိုင်ဇော်ထွန်းရဲ့ ကန်ချက် တိုင်ထိထွက်ခဲ့ပြီး ထွန်းမင်းဦး ထပ်ပိတ်ပေမယ့် မြန်မာ့မီးရထားအသင်း နောက်ခံလူနဲ့ ထိပြီးထွက်သွားတာကြောင့် သစ်တောတို့ နစ်နာခဲ့ရပါတယ်။ ၂၈မိနစ်မှာတော့ သစ်တောရေးရာအသင်း ဂိုးစတင်ရရှိသွားခဲ့ပါတယ်။ အသင်းခေါင်းဆောင် ညီညီစိုး ဖြတ်တင်ပေးတဲ့ ဘောလုံးကို ကမ္ဘောဇအသင်းကနေ ပြောင်းရွှေ့လာတဲ့ တိုက်စစ်မှူးသစ် ထွန်းမင်းဦးက ခေါင်းတိုက် သွင်းယူခဲ့တာဖြစ်ပါတယ်။

သစ်တောအသင်း၏ ဂိုးသွင်းမှုများကို မြန်မာ့မီးရထားဂိုးသမား ရဲလင်းအောင် ဤသို့ကာကွယ်နိုင်ခဲ့သည်။ (မြန်မာ့အလင်း)

သစ်တောရေးရာတိုက်စစ်မှူး ခိုင်ဇော်ထွန်းနှင့် မြန်မာ့မီးရထား နောက်ခံလူ၏ အားပြိုင်မှု။ (မြန်မာ့အလင်း)

နစ်နာ

ဒုတိယပိုင်းမှာတော့မြန်မာ့မီးရထားအသင်းရဲ့ကစားပုံဟာ ပထမပိုင်းထက် ပိုမိုကောင်းမွန်လာတာကြောင့် သစ်တောရေးရာဘက်ကို တစ်ကျော့ပြန် ဖိအားပေးလာနိုင်တယ်။ ၄၇ မိနစ်မှာတော့ မြန်မာ့မီးရထားအသင်း ချေပဂိုး ပြန်လည်ရရှိခဲ့ပြီး အဲဒီဂိုးကိုတော့ သန့်ဇင်ထွန်းကသွင်းယူခဲ့တာဖြစ်ပါတယ်။ သစ်တောအသင်းဟာ ကစားအားကျသွားသလို လူငယ်အများစုနဲ့ဖွဲ့စည်းထားတဲ့ မြန်မာ့မီးရထားအသင်းကလည်း လျှင်လျှင်မြန်မြန် ထိုးဖောက်နိုင်တာကြောင့် မီးရထားအသင်း ပွဲကို တစ်ကျော့ပြန် စိုးမိုးလာနိုင်ပါတယ်။ ၅၇မိနစ်မှာ အောင်မျိုးမင်းရဲ့အပိုင်ကန်သွင်းချက် အပေါ်ထောင်တက်သွားသလို ၆၇မိနစ်မှာ အောင်မျိုးမင်း၏အပိုင်ကန်ချက် တိုင်ထိထွက်သွားတာကြောင့်မြန်မာ့မီးရထားအသင်းအနိုင်ဂိုးနဲ့ ဝေးခဲ့ရပါတယ်။ အထူးသဖြင့် သစ်တော နောက်ခံလူတွေဟာ မြန်မာ့မီးရထား အသင်းရဲ့ တိုက်စစ်တွဲလုံးတွေကို မထိန်းနိုင်တာကြောင့် မီးရထားအသင်း အခွင့်အရေးတွေရရှိခဲ့ပါတယ်။ မိနစ် ၃၀ ကျော်မှာ သစ်တောက ကျော်သက်ဦး

ပွဲဦးထွက် တစ်မှတ်ရရှိခဲ့သည့် သစ်တောရေးရာအသင်း။ (မြန်မာ့အလင်း)

ဖန်တီးပေးတဲ့သူနဲ့ ဂိုးသွင်းမယ့်သူတို့ အချိတ်အဆက်လွဲနေတာက မီးရထားအသင်းကို ကံကောင်းစေခဲ့ပါတယ်။ ပထမပိုင်းမှာ သစ်တောအသင်းဟာ ထောင့်ကန်ဘော ရှစ်ကြိမ်လောက်ရရှိကို မီးရထားနောက်ခံလူတစ်ဦး ဆွဲလှဲပေမယ့် ဒိုင်က ပယ်နယ်တီမပေးတာကြောင့် သစ်တောရေးရာနစ်နာခဲ့ပြီး တစ်ဂိုးစီသရေနဲ့သာ အဆုံးသတ်ခဲ့ပါတယ်။

သရေပွဲ

ဒီပွဲရလဒ်ဟာ နှစ်သင်းစလုံးအတွက်မျှတတယ်လို့ ပြောလို့ရပြီး ပထမပိုင်းမှာ သစ်တောနဲ့ ဒုတိယပိုင်းမှာ မြန်မာ့မီးရထားတို့ တစ်ပိုင်းစီ အပြန်အလှန် အသာစီးမှ ကစားနိုင်ပေမယ့် တစ်ဂိုးစီသာသွင်းယူနိုင်ခဲ့ပါတယ်။ ဒီနှစ်သင်းရဲ့သရေပွဲဟာ အခုနှစ် အမှတ်ပေးပြိုင်ပွဲရဲ့ ပထမဦးဆုံး သရေပွဲ ဖြစ်ခဲ့ပါတယ်။

သရေပွဲနှင့်ကြုံခဲ့သည့် မြန်မာ့မီးရထားအသင်း။ (မြန်မာ့အလင်း)

တစ်မှတ်စီခွဲယူ

လက်ရွေးစင်နဲ့လူငယ်လက်ရွေးစင်ဟောင်းကစားသမားအချို့ပါဝင်လာတဲ့ သစ်တောအသင်းဟာ အခုနှစ်ပြိုင်ပွဲမှာ အနိုင်နဲ့စတင်ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ လူငယ်တို့ရဲ့ အားနဲ့တည်ဆောက်ထားတဲ့မြန်မာ့မီးရထားကတော့ သစ်တောအသင်းဆီက တစ်မှတ်ခွဲယူနိုင်ခဲ့တာဖြစ်ပါတယ်။

ယနေ့ပွဲမရှိ

၂၂-၉-၂၀၀၈

အောင်ဆန်းကွင်း

ဘဏ္ဍာ/အခွန်နှင့် Air Bagan FC

သုဝဏ္ဏကွင်း

ဆက်သွယ်ရေးနှင့်ပြည်ထဲရေး။

(မြန်မာ့အလင်း)

တိုင်းပြည်ကို တကယ်ချစ်ပါလျှင်

နှင်းဦးခင်

မြန်မာနိုင်ငံတွင် ရှေးနှစ်သန်းပေါင်း၄၀က ရှေးဦးလူသားများ၏ ရုပ်ကြွင်း များကို တွေ့ရှိခဲ့ရသည့်အပြင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် လူ့အသုံး အဆောင် အထောက်အထားများကို တွေ့ရှိရသဖြင့် တိုင်းရင်းသားအားလုံးသည် ဤမြေပေါ်မှာပင် အတူတကွ ပေါက်ဖွားလာခဲ့ကြသည်မှာ ထင်ရှားပါသည်။ ရာသီဥတု၊ ရေမြေ သဘာဝ၊ နေရာဒေသ ဘာသာစကား ကွာခြားမှုကြောင့် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ကျော်အထိ ဖြစ်ပေါ်လာခဲ့သော်လည်း အသီး တစ်ရာ အညှာတစ်ခု သွေးရင်းသားရင်းများပီပီ ရှေးပဝေသဏီကပင် ချစ်ချစ် ခင်ခင်နေလာခဲ့ကြသည်။ တိုင်းရင်းသားအပေါင်းသည် အရေးကြီးလျှင် သွေးနီး ကြပြီး အရေးကြုံက သွေးဆုံကြသူများဖြစ်သည်။ အမိမြေကို အသက်ပေး၍ ချစ်ကြသူများ ဖြစ်သည်။ နယ်ချဲ့၏ မတရားကျူးကျော် သိမ်းပိုက်မှုကြောင့် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသော်လည်း တိုင်းရင်းသားတို့၏ သွေးစည်း ညီညွတ်မှုဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ကြသည်။

ယနေ့အချိန်ကာလတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မဆုတ်မနစ် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အချိန် ဖြစ်ပါသည်။

မြန်မာတိုင်းရင်းသားပြည်သူတို့သည် မိမိတို့နိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်အတူ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကိုဖော်ဆောင်သည့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက် နိုင်ရန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကို ထောက်ခံဆန္ဒပေး အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ ဆန္ဒမဲပေးနိုင်သူ ၂၇သန်း ကျော်မှ ၉၂ဒသမ ၄၈ရာခိုင်နှုန်းသော မဲဆန္ဒရှင်ပြည်သူများက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား စံချိန်ကျိုးအောင် ထောက်ခံဆန္ဒမဲပေးခဲ့ ခြင်းဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)အဖြစ် အခိုင်အမာ ပေါ်ထွန်းလာစေခဲ့ပြီး ဖြစ်ပါသည်။

ဤကဲ့သို့ တိုင်းရင်းသားပြည်သူတို့က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို အတည်ပြု ထောက်ခံလိုက်ခြင်းသည် နိုင်ငံတော်အစိုးရကို ယုံကြည်စွာ ထောက်ခံဆန္ဒမဲပေးလိုက်ခြင်းပင်ဖြစ်ပါသည်။ ထိုအခါ နိုင်ငံတော် အစိုးရကို ဆန့်ကျင်နေသူ ပြည်တွင်းပြည်ပအဖျက်သမားတို့မှာ ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ဖြစ်သွားပြီး သွေးရူးသွေးတန်းဖြင့် ၉၀ပြည့်နှစ် ရလဒ် ဟောင်းကို ပြန်ပြီးတောင်းဆိုလာခဲ့ကြသည်။

၉၀ပြည့်နှစ်ရလဒ်ဟုအော်သာအော်နေသည်။ ထိုစဉ်ကပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲရလဒ်မှာ NLD ပါတီသည် ပြည်သူလူထုကို ကိုယ်စားပြုနိုင်ခဲ့ ခြင်းမရှိပါ။ ဆန္ဒမဲပေးနိုင်သူ သန်း၂၀ကျော်မှာ ခုနစ်သန်းကျော်ကသာ ထောက်ခံမဲပေးခဲ့ခြင်းဖြစ်ရာ လူ၂၀မှာ ခုနစ်ယောက်ထောက်ခံရုံဖြင့် လူ၂၀လုံး ကို ကိုယ်စားပြုသည်ဟု မဆိုနိုင်ပါ။ လူ၂၀၏ ထက်ဝက်ကျော် ထောက်ခံ မှသာ ထိုလူ၂၀ကို ကိုယ်စားပြုနိုင်မည် ဖြစ်ပါသည်။ ထို့မျှမက ပွင့်ပွင့် လင်းလင်းပြောရလျှင် ယနေ့အချိန်တွင် ၉၀ပြည့်နှစ်ရလဒ်ကို ပြည်သူတွေက လက်မခံတော့ပါ။ ထို ၉၀ ပြည့်နှစ် ရလဒ်သည် ယခုဆိုလျှင် ၁၈ နှစ်ကျော် ၁၉နှစ်အတွင်းသို့ ရောက်လာပြီဖြစ်ရာ ထိုစဉ်က ပြည်သူတွေ မဲပေးခဲ့သည့် ရလဒ်မှာ ၁၉၉၄ခုနှစ်မှာပဲ ကုန်ခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။

အမျိုးသားညီလာခံ စတင်ကျင်းပစဉ်က NLD ပါတီမှ ကိုယ်စားလှယ် များ ဆန္ဒတူ၊ သဘောတူ ပါဝင်တက်ရောက်ခဲ့သော်လည်း ၁၉၉၅ခုနှစ်တွင် ဒေါ်စုကြည်တစ်ဦးတည်း၏ ဆုံးဖြတ်ချက်ဖြင့် အမျိုးသားညီလာခံကို စွန့်ခွာ ဆန့်ကျင်ကျောခိုင်းခဲ့ကြသည်။ ဤအချက်ကိုကြည့်ခြင်းအားဖြင့် ထိုပါတီသည် ဒီမိုကရေစီပါတီလော၊ ပုဂ္ဂလိကပိုင် အသုံးချခံ ခါးပိုက်ဆောင်အဖွဲ့အစည်း လောဆိုသည်ကို သံသယရှိစရာဖြစ်ခဲ့သည်။ ၂၀၀၄ခုနှစ် မေလ၁၇ရက်နေ့တွင် ယာယီရပ်ဆိုင်းထားသော အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့ရာ ယင်းညီလာခံသို့ တက်ရောက်ရန် NLD ပါတီကို နိုင်ငံတော်အစိုးရက သဘောထားကြီးစွာ ဖိတ်ကြားခဲ့သည်။ အစပိုင်းတွင် တက်ရောက်မည်ဟု ဆိုခဲ့သော်လည်း ညီလာခံကျင်းပရက် နီးကပ်လာသည့်အခါ မတက်ရောက်နိုင် ကြောင်းNLD က ပြန်ကြားခဲ့သည်။ ဤသို့ NLD ပါတီက မူမမှန်သော လုပ်ရပ်များပြုလုပ်ပြီးမတက်ခဲ့သော်လည်း နိုင်ငံတော်အစိုးရက အခြားနိုင်ငံ ရေးပါတီများ၊ ရွေးချယ်ခံကိုယ်စားလှယ်များ စုစုပေါင်း၁၀၈၆ဦးဖြင့် အမျိုးသား ညီလာခံကို စတင်ကျင်းပခဲ့သည်။ ယနေ့ကာလတွင် ညီလာခံမှချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို ရေးဆွဲပြီး ၂၀၀၈ခုနှစ် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်ပါသည်။

NLD ပါတီအနေဖြင့် ငါမပါလျှင် မဖြစ်ဟူသော သက္ကာယဒိဋ္ဌိ ကြီးမား စွာဖြင့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကို သွယ်ဝိုက်ဆန့်ကျင်ခဲ့သည်။ ၎င်းအပြင် ပြည်တွင်းရှိ NLD ပါတီ အပါအဝင် ပြည်တွင်း၊ပြည်ပ အဖျက်သမားများက ဆန္ဒခံယူပွဲ ပျက်စီးစေရန်၊ ကန့်ကွက်မဲပေးကြစေရန် ဆန့်ကျင်လှုံ့ဆော်ခဲ့ကြသည်။ သို့သော် ကိုယ်ပိုင် သုံးသပ်ဆင်ခြင်နိုင်စွမ်းရှိပြီး အဖျက်သမားတို့ပြောတိုင်း လက်မခံကြတော့ သည့် ပြည်သူများက နိုင်ငံတော်အစိုးရကို တစ်ခဲနက် ထောက်ခံလိုက်သော အခါ NLD နှင့် ဆန့်ကျင်ဘက်အုပ်စုများသည် မျက်ကလဲဆန်ပြာဖြစ်သွားပြီး ပါးစပ်က ၉၀ပြည့်ရလဒ်ဟုအော်ကာ လက်က မိုင်းဗုံးကိုင်၍ ဝင်လာကြပါ သည်။

ယနေ့မျက်မှောက်ခေတ်သည် ခေတ်သစ်ကိုလိုနီနယ်ချဲ့သမားများ၏ ညစ်ပတ်မှုမျိုးစုံကိုရင်ဆိုင်နေရသောကာလဖြစ်ပါသည်။ နယ်ချဲ့သမားတို့သည် သူတို့မျက်စိကျသည့် နိုင်ငံများတွင် ပြည်တွင်းသစ္စာဖောက်များမွေးပြီး၊ ဘွဲ့တံဆိပ်နှင့် ထောက်ပံ့ကြေး အမျိုးမျိုးပေးပြီး၊ သူတို့ဩဇာခံမည့် ပုဂ္ဂိုလ်များ အာဏာရအောင်လုပ်ပေးပြီး ဩဇာခံတိုင်းပြည် (Sphere of Influence)များ ထူထောင်လာကြပါသည်။ နယ်ချဲ့ဆန့်ကျင်စိတ်ပြင်းထန်သော တိုင်းပြည်များကို ဖိအားအမျိုးမျိုးပေး စွက်ဖက်နှောင့်ယှက်ပြီး ဩဇာခံရုပ်သေးအစိုးရ(Puppet Government)များ ဖြစ်လာအောင် လုပ်ကြံဖန်တီးကြပါသည်။

နယ်ချဲ့သမား၏ ကြိုးဆွဲရာကမည့် အစိုးရများပေါ်လာအောင် ပြုလုပ်ရာ၌ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ဘဏ်၊ ဥရောပသမဂ္ဂ၊ လူ့အခွင့် အရေးကော်မရှင်စသည့် အဖွဲ့အစည်းများ၏ အကာအကွယ်ကိုယူပြီး သူတို့ဩဇာ မခံသည့် နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ကြိုးပမ်းတတ်ကြ ပါသည်။

ယနေ့အချိန်တွင် ပြည်ပအသံလွှင့်ဌာနများက ဒီမိုကရေစီနှင့် လူ့အခွင့် အရေးစသည်တို့ကို အသံကောင်းဟစ်ရင်း မြန်မာနိုင်ငံမှာ ဆူပူအုံကြွဖို့၊ ဥပဒေချိုးဖောက်ဖို့ ဝါဒဖြန့်လွှင့်ထုတ်ပေးနေတာ မကြားချင်အဆုံး ဖြစ်ပါသည်။ ပြည်တွင်းမှ ပုဆိန်ရိုးများကလည်း မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ရန်၊ အကူအညီ လုံးဝမပေးရန်၊ ရင်းနှီးမြှုပ်နှံမှုမပြုလုပ်ရန်၊ ကမ္ဘာလှည့်ခရီးသည်များ မလာရန်၊ နိုင်ငံတကာက ပိတ်ဆို့အရေးယူရန် အော်ဟစ်တောင်းဆိုကြပါသည်။ ကိုလိုနီနယ်ချဲ့အလိုကျ နိုင်ငံအချို့ကလည်း ထိုပုဆိန်ရိုးတို့၏ တောင်းဆိုချက် များကို လိုက်လျောခဲ့ပါသည်။ ဤသို့ဖြင့် မြန်မာတွေ ဆင်းရဲကျပ်တည်းမည်၊ ဆင်းရဲဒဏ်မခံနိုင်သောအခါ ဆူပူမည်၊ ဤနည်းဖြင့် မိမိတို့ အာဏာရ လွယ်မည်ဟုတွက်ကာ ပြည်ပနှင့်လက်ဝါးချင်းရိုက်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုမရှိရန် နှောင့်ယှက်ဖျက်ဆီးနေကြပါသည်။

ပြည်သူတစ်ယောက်အမြင်ဖြင့် ပြောရလျှင် အဖျက်အင်အားစုအနေဖြင့် သူတစ်ပါး၏ပေးစာကမ်းစာကို လက်ဝေခံစား၍ ပြည်တွင်း၌ အဖျက်အမှောင့် လုပ်နေသည့်လုပ်ရပ်များကို ရှောင်ကြဉ်သင့်ပြီဖြစ်ပါသည်။ ဖြူစင်သောအရာကို ယူလိုလျှင် သန့်ရှင်းသောလက်နှင့် လာယူပါဟူသော ဆိုစကားအရ တိုင်းပြည်နှင့် လူမျိုးအတွက် တကယ်အကျိုးရှိအောင်လုပ်လိုလျှင် သူတစ်ပါးမြှောက်ပင့် သွေးထိုးတိုင်း ရန်သဘောဆောင်နေမည့်အစား အမျိုးသားအကျိုးစီးပွားကို ရိုးရိုးသားသား ဆောင်ရွက်စေချင်ပါသည်။

NLD ပါတီသည် သက်တမ်းတစ်လျှောက်လုံး ပြည်တွင်းအားကို ဆန့်ကျင် လျက် ပြည်ပကို အထင်ကြီးနေသော အနောက်မျှော်အုပ်စုသာ ဖြစ်သည်။ ထိပ်တိုက်ရင်ဆိုင်ရေး၊ အာဏာဖီဆန်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်လေး ပိတ်ဖြင့် ပိတ်ဆို့ရေးစသည့် နိုင်ငံနှင့် ပြည်သူ၏ ပျက်စီးရာပျက်စီးကြောင်းကိုသာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ဆောင်ရွက်ချက်များကို စွန့်လွှတ်မည် ဆိုပါက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဒေါ်စုကြည် ကို လက်ခံတွေ့ဆုံမည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့သည်ကိုလည်း အားလုံးအသိ ဖြစ်ပါသည်။ သို့သော် ဒေါ်စုကြည်အနေဖြင့် ၎င်းကိစ္စများမလုပ်ခဲ့ကြောင်း ဖြောင်ကျကျပင် ငြင်းပယ်ခဲ့ရာ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ဘာမျှ မလုပ်လိုသည့် သူမ၏စေတနာကို ပြည်သူများက ခန့်မှန်းမိနေပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပကတိအခြေအနေအရ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့သည် တက်ညီလက်ညီ ဆောင်ရွက်နေကြသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ ချမှတ်ထားပြီးဖြစ်သည်။ ဤမူဝါဒလမ်းစဉ်(၇)ရပ်ကို ပြည်နယ်နှင့် တိုင်း အသီးသီးမှ လူထုအစည်းအဝေးများကလည်းကောင်း၊ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများကလည်းကောင်း ထောက်ခံခဲ့ ကြပြီးဖြစ်သည်။ ပြည်သူအားလုံးက လက်ခံယုံကြည်သည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ကလည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်ကန်ဆုံးလမ်း ကြောင်းအဖြစ် အသိအမှတ်ပြု လက်ခံခဲ့ကြပြီးဖြစ်သည်။

ပြည်သူအားလုံးသည် ဒီမိုကရေစီကို လိုလားတောင့်တသည့်နည်းတူ တည်ဆဲအစိုးရက ပါတီစုံဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရန် ကြိုးပမ်းဆောင်ရွက် ပေးနေခြင်း ဖြစ်ကြောင်းကိုလည်း သိရှိကြပါသည်။ ထို့ကြောင့် ပြည်သူများ အနေဖြင့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ဆန့်ကျင်ခြင်း၊ အခြေခံဥပဒေဆန့်ကျင်ခြင်း၊ ပြည်ပအားကိုးခြင်းမှန်သမျှသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ ဒီမိုကရေစီရေး ကြိုးပမ်းမှုများကို နှောင့်နှေးပျက်ပြားအောင် ဖျက်လိုဖျက်ဆီးလုပ်ရပ်များ ဖြစ်ကြောင်းသိရှိပြီး ဤလုပ်ရပ်များကို ရွံရှာကြပါသည်။ ၂၀၁၀ ရွေးကောက်ပွဲ ကို ဆန့်ကျင်လျှင် ပြည်သူ့ဆန္ဒနှင့် ပြည်သူကိုဆန့်ကျင်ခြင်းပင် ဖြစ်ပါသည်။

ပြည်သူတွေအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားကြပါသည်။ ဆူပူ အကြမ်းဖက်မှု၊ ပြည်တွင်းသောင်းကျန်းမှု၊ သပိတ်မှောက်ဆန္ဒပြမှု၊ ရဲအရေး အခင်းမျိုးကိုလည်း မကြားချင်၊ မမြင်ချင်တော့ပါ။ ရရှိထားသည့် တည်ငြိမ် အေးချမ်းမှုကို ပျက်ပြားအောင်လုပ်လာလျှင်လည်း လုံးဝလက်မခံနိုင်ပါ။

နိုင်ငံနှင့် လူမျိုးကိုချစ်သည့် တိုင်းရင်းသား ပြည်သူအပေါင်းသည် မိမိနိုင်ငံနှင့် မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်မှုကို လိုလားပါသည်။ မိမိလူမျိုး ပိုတော်တာ၊ ပိုအောင်မြင်တာကို မြင်လို၊ ကြားလိုကြပါသည်။ ကိုယ့်လူမျိုး ဆင်းရဲတာ၊ တိုင်းပြည်ဆင်းရဲတာကို မမြင်လို၊ မကြားလိုကြပါ။

ထို့အပြင် ပြည်သူတိုင်းသည် ဥပဒေနှင့်အညီ လွတ်လွတ်လပ်လပ် နေထိုင် လုပ်ကိုင် ပြုမူဆောင်ရွက်ခွင့်ရလိုကြပါသည်။ ဥပဒေအရိပ်ထဲမှာနေ၍ မိမိတို့၏ စားဝတ်နေရေး၊ ကိုယ်စီဘဝတိုးတက်ရေးကို ဆောင်ရွက်လိုပါသည်။ ထိုအခွင့်အလမ်းများရရှိအောင် စီမံပေးသည့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု အောက်တွင် ပြည်သူများ စိတ်ချမ်းချမ်းသာသာ ရှိကြပါသည်။

၇-၉-၂၀၀၈ရက် သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်ကို ဆန့်ကျင် နေကြသည့် အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို မြင်တွေ့ရသောအခါ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ဟန်ဆောင်ဗန်းပြပြီး နိုင်ငံတကာ၏ ပေးစာ ကမ်းစာအဖြစ်ရရှိသောငွေများကို အစိုးရဆန့်ကျင်ရေး၊ ပြည်တွင်းဆူပူရေး၊ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများတွင် အသုံးပြုနေကြပြီး အချင်းချင်း ခေါင်းပုံ ဖြတ်စားနေကြောင်းကို ပြည်သူများ နားလည်သွားပါသည်။ ငွေကြေးတစ်ခု တည်းအတွက်ပင် စိတ်ချယုံကြည်ရမှုမရှိဘဲ ဖြတ်စားနေသူတွေက ဒီမိုကရေစီ ရေး၊ လူ့အခွင့်အရေးအတွက် ဘယ်လိုများအနစ်နာခံ ကိုယ်ကျိုးစွန့်ဆောင်ရွက် ပါမလဲဟု စဉ်းစားမိပါသည်။

ထို့အပြင် မြို့တော်ခန်းမကို ဖောက်ခွဲလျှင် ငွေကျပ်သိန်း၁၀၀၊ စင်တာ များကို ဖောက်ခွဲနိုင်လျှင် ငွေကျပ်သိန်း၇၀၊ အစိုးရရုံးများကို ဖောက်ခွဲနိုင် လျှင် ငွေကျပ်သိန်း၅၀၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး များကို ဖောက်ခွဲနိုင်လျှင် ငွေကျပ်သိန်း၂၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးများနှင့် ရန်ကုန်ဘူတာကြီးကို ဖောက်ခွဲနိုင်လျှင် ငွေကျပ် ၁၅သိန်း၊ အထင်ကရမီးပွိုင့်များကို ဖောက်ခွဲနိုင်လျှင် ငွေကျပ်၁၀သိန်း၊ရပ်ကွက်၊ လမ်းဆုံလမ်းခွတွေကို ဖောက်ခွဲနိုင်လျှင် ငွေကျပ်ငါးသိန်း၊ မထင်မရှားနေရာ တွေကို ဖောက်ခွဲနိုင်လျှင် ငွေကျပ်နှစ်သိန်းပေးမည်ဖြစ်ကြောင်း သိရှိရသော အခါ တည်ငြိမ်အေးချမ်းမှုကိုလိုလားသော ပြည်သူများအနေဖြင့် ဖောက်ခွဲ ဖျက်ဆီးရေးအကြံများကို ကြံစည်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင် ပံ့ပိုးနေသူများကို အော့နှလုံးနာကြပါသည်။

နိုင်ငံတော်အစိုးရက ဖော်ထုတ်သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးပစ္စည်း များကို မြင်တွေ့ရသည့်အခါ အသက်ပေါင်းများစွာ သေကြေမည့်အရေးမှ ပြည်သူများကို ကယ်တင်ပေးနိုင်၍လည်းကောင်း၊ အစိုးရရုံးတွေ၊ အဆောက် အအုံတွေ ပျက်စီးမည့်အန္တရာယ်မှ ကာကွယ်ပေးနိုင်၍လည်းကောင်း နိုင်ငံတော် အစိုးရကို များစွာကျေးဇူးတင်ရှိပြီး ဆတက်ထမ်းပိုးတိုး၍ ယုံကြည်အားကိုးပါ ကြောင်း ပြောကြားကြပါသည်။

ယနေ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဟု အသံကျယ်ကျယ်အော်ကာ ဗိုလ်ကျစိုးမိုးနေသည့် နိုင်ငံကြီးသည် ၎င်းတို့ချုပ်ကိုင်လိုသောနိုင်ငံကို ပြချင်ရာ အကြောင်းပြ၍ ဝင်ရောက်ကျူးကျော် တိုက်ခိုက်သိမ်းပိုက်သည်။ ရုပ်သေး အစိုးရတင်ပေးသည်။ ပြီးသော် ယင်းနိုင်ငံမှ ပြန်မထွက်ဘဲ ကျားပိန်တွယ် တွယ်ထားသည်။ အာဖဂန်နစ္စတန်ကို ကျူးကျော်သိမ်းပိုက်ထားမှုမှာ ခုနစ်နှစ် အတွင်းရောက်နေပြီး အီရတ်ကို ကျူးကျော်သိမ်းပိုက်ထားသည်မှာ ငါးနှစ် အတွင်းရောက်နေသော်လည်း လုံးဝပြန်မထွက်သည့်ဖြစ်ရပ်များက သက်သေခံ နေကြပါသည်။

ကျူးကျော်သိမ်းပိုက်တပ်များကို ကုလသမဂ္ဂနှင့် နိုင်ငံတကာက ပြန်လည် ထွက်ခွာစေချင်ကြပြီး ကျူးကျော်သိမ်းပိုက်ခံနိုင်ငံမှ ပြည်သူများ၊ ဥပဒေပြု လွှတ်တော်များကလည်း တပ်များပြန်လည်ရုပ်သိမ်းရန် တိုက်တွန်းကြပါသည်။ သို့သော် ကျူးကျော်သိမ်းပိုက်သူက ခေါင်းရမ်း၊ခေါင်းခါပြနေဆဲသာဖြစ်သည်။

ကျူးကျော်ခြင်းကိုခံရသော အီရတ်နိုင်ငံ၏အဖြစ်က ကမ္ဘာ့ပြည်သူများကို နာကျင်ကြေကွဲစေပါသည်။ အီရတ်နိုင်ငံ ဆက်ဒမ်ဟူစိန်အစိုးရလက်ထက်က ကမ္ဘာကို ဒုက္ခပေးနိုင်သည့် အဏုမြူလက်နက်၊ ဓာတုအဆိပ်လက်နက်၊ ဇီဝ ရောဂါပိုးမွှားလက်နက်များ ရှိနေသည်ဟု စွပ်စွဲကာ ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့သည်။ သို့သော် ယခုတိုင် ယင်းလက်နက်များ လုံးဝရှာမပြနိုင်ခဲ့ပါ။

ဆက်ဒမ်ဟူစိန်လက်ထက်တွင် အီရတ်ပြည်သူများ သိန်းချီ၍ မသေခဲ့ ကြရ၊ ဗုံးကြဲဖြိုဖျက် မခံခဲ့ကြရ။ အီရတ်ရေနံများကို ကျူးကျော်သူတို့ လက်ဝါး ကြီးအုပ်၊ သွေးစုပ်ခြယ်လှယ်ခြင်း မခံခဲ့ကြရ၊ ပြည်တွင်း၌ မလုံခြုံ၍ ပြည်ပသို့ အီရတ်ပြည်သူ ငါးသန်းကျော် ထွက်ပြေးမသွားခဲ့ကြရဟု ဆိုကြသည်။ ယခုမှ အီရတ်တို့ သိန်းချီသေရ၊ အိုးအိမ်များ အမှုန့်ဖြစ်ရ၊ အီရတ်ပိုင်ရေနံများ လက်ဝါးကြီးအုပ်သွေးစုပ်ခံနေရသည်။ ပြည်ပသို့ထွက်ပြေးသူပင်ငါးသန်းကျော် ရှိနေပေပြီ။

စာမျက်နှာ ၁၁ ကော်လံ ၁

နိုင်ငံနှင့်လူမျိုးကိုချစ်သည့် တိုင်းရင်းသား ပြည်သူအပေါင်းသည် မိမိနိုင်ငံနှင့် မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်မှုကို လိုလားပါသည်။ မိမိလူမျိုး ပိုတော်တာ၊ ပိုအောင်မြင်တာကို မြင်လို ကြားလိုကြပါသည်။ ကိုယ့်လူမျိုး ဆင်းရဲတာ၊ တိုင်းပြည်ဆင်းရဲတာကို မမြင်လို၊ မကြားလိုကြပါ။

မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲတွင်အောင်ပွဲရ မြန်မာလူငယ် ပြေးခုန်ပစ်အဖွဲ့အား ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် အမှုဆောင်များ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ကျော်ဖုံးမှ

အဆိုပါပြိုင်ပွဲတွင်မြန်မာလူငယ် ပြေးခုန်ပစ်အဖွဲ့က ဆုတံဆိပ် ၁၅ခု ရရှိကာ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ပြီး မဲခေါင်ဒေသနိုင်ငံများလူငယ်ပြေးခုန် ပစ်ပြိုင်ပွဲကို အိမ်ရှင် ထိုင်း၊ မြန်မာ၊ လာအိုနှင့် ဗီယက်နမ်တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာလူငယ် ပြေးခုန်ပစ်အဖွဲ့အတွက် ရွှေနှစ်ခုကို သန်းတိုးခင်မျိုးအောင်က မီတာ ၈၀၀တွင် တစ်ခု၊ မီတာ ၁၅၀၀တွင် တစ်ခု၊ သီတာဝင်းက မီတာ ၁၅၀၀ တွင် ငွေတစ်ခု၊ မီတာ ၈၀၀တွင် ကြေးတစ်ခု၊ ကြည်မင်းစိုးက မီတာ ၁၅၀၀တွင် ငွေတစ်ခု၊ နော်ကပေါ ဖောက မီတာ ၂၀၀တွင် ငွေတစ်ခု၊ ခင်ဖြိုးသက်က မီတာ ၄၀၀တွင် ငွေတစ်ခု၊ အမျိုးသမီး ၄ × ၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ငွေတစ်ခု၊ ကြေးရှစ်ခုကို အောင်ဖြိုးကျော်က မီတာ၁၀၀တွင် တစ်ခု၊ မီတာ ၂၀၀ တွင် တစ်ခု၊ ရေမိုးအောင်က မီတာ ၈၀၀တွင် တစ်ခု၊ မီတာ ၁၅၀၀တွင် တစ်ခု၊ ဝေဖြိုးအောင်က မီတာ၄၀၀ တွင်တစ်ခု၊ စုကြည်အောင်က မီတာ ၄၀၀တွင် တစ်ခုနှင့် အမျိုးသား ၄× ၁၀၀ လက်ဆင့်ကမ်း ပြိုင်ပွဲတွင် တစ်ခုတို့ ရရှိခဲ့ခြင်းဖြစ်သည်။

အောင်ပွဲဆင်

မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်သည် မဲခေါင်ဒေသ နိုင်ငံများ အားကစားပြိုင်ပွဲကို ဒုတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီးနှစ်ကြိမ် စလုံး ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ဆွတ်ခူးကာ အောင်ပွဲဆင်နိုင်ခဲ့သည်။ ၂၀၀၆ ပြိုင်ပွဲတွင် ပထမဦးဆုံးအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ်ခုနစ်ခု၊ ကြေးတံဆိပ် ကိုးခု ဆွတ်ခူးရရှိခဲ့သည်။ ယင်းပြိုင်ပွဲ တွင် ရွှေနှစ်ခုကို ကျော်လွမ်းအောင် နှင့် ဂျူးဂျူးမ၊ ငွေခုနစ်ကို ယုယုလှိုင် နှင့် ဂျူးဂျူးမတို့က နှစ်ခုစီ၊ တင်သန္တာ ထွန်း၊ တင်ဇာမိုးနှင့် ကျော်ဆန်းလင်း တို့ကတစ်ခုစီ၊ကြေးကိုးခုကိုကျော်ဆန်း လင်း၊ ကျော်လွမ်းအောင်နှင့် တင်ဇာမိုး တို့က နှစ်ခုစီ၊ ဝင်းတင့်၊ စောဆာရှီးနှင့် တင်သန္တာထွန်းတို့က တစ်ခုစီ ရရှိခဲ့ သည်။

ကြိုဆို

အောင်ပွဲရ မြန်မာလူငယ် ပြေးခုန် ပစ်အဖွဲ့သည် ယနေ့ နံနက် ၁၁နာရီက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်း ရေးမှူးအားကစားနှင့်ကာယပညာဦးစီး ဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်း ထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ နိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် အမှုဆောင် များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ကြိုဆို နှုတ်ဆက်ကြသည်။

အတွေ့အကြုံ

ပြိုင်ပွဲနှင့်ပတ်သက်၍ နည်းပြ ဦးကျော်ကျော်ဝင်းက "မိမိတို့ ပြေးခုန်ပစ်အဖွဲ့အနေဖြင့် လူငယ်နှင့် လူသစ်ကစားသမားများ နိုင်ငံတကာ အတွေ့အကြုံရရှိစေရန် စေလွှတ်ယှဉ် ပြိုင်ခြင်းဖြစ်ပါကြောင်း၊ အောင်မြင်မှု ရရှိ၍လည်းကျေနပ်ဝမ်းသာပါကြောင်း၊ ၂၀၀၆ခုနှစ်က ပထမအကြိမ်သွားရောက် ယှဉ်ပြိုင်ခဲ့ပြီး နှစ်ကြိမ်စလုံး ရွှေ ငွေ ကြေး ဆုတံဆိပ် ရရှိခဲ့ပါကြောင်း၊ ကစားသမား၁၄ဦးသွားရောက်ယှဉ်ပြိုင် ရာတွင် အားလုံးနီးပါး ဆုတံဆိပ်ရရှိခဲ့ ပါကြောင်း၊ ရွှေတံဆိပ် ရရှိခဲ့သည့် သန်းတိုးခင်မျိုးအောင်ဆိုလျှင်တစ်ရက် တည်း ရွှေရရှိသည့် မီတာ ၈၀၀ ပြိုင်ပွဲရော မီတာ ၁၅၀၀ ပြိုင်ပွဲပါ ယှဉ်ပြိုင်ရ၍ အခက်အခဲများရှိခဲ့ပြီး စံချိန်ကို ထိန်းပြေးခဲ့ရကြောင်း၊ ကစား သမား ၁၄ ဦး စလုံး လေ့ကျင့်စဉ်က စံချိန်အတိုင်းရော ပိုကောင်းအောင်ပါ ပြေးနိုင်ခဲ့ကြောင်း၊ယခုပြိုင်ပွဲမှရရှိသော အတွေ့အကြုံများမှာ ရှေ့လာမည့်နိုင်ငံ တကာ ပြိုင်ပွဲများတွင် အောင်မြင်မှု ရရှိရန် များစွာ အထောက်အကူပြု မည်ဖြစ်ပါကြောင်း" ဖြင့် ပြောကြား သွားသည်။

"ယခုပြိုင်ပွဲမှရရှိသော အတွေ့အကြုံတွေက ရှေ့ပြိုင်ပွဲတွေ အတွက် အကျိုးရှိစေပါတယ်"

ဦးကျော်ကျော်ဝင်း (နည်းပြ)

မဲခေါင်ဒေသနိုင်ငံများ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခုရ သန်းတိုးခင်မျိုးအောင်။

အောင်ပွဲရ မြန်မာလူငယ် ပြေးခုန် ပစ်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးခင် မောင်သန်း၊ နည်းပြများအဖြစ်ဦးကျော် ကျော်ဝင်းနှင့် ဒေါ်နုနုရီ၊ အားကစား သမားများအဖြစ် အမျိုးသား အောင်ဖြိုး ကျော် (အား/ကာသိပ္ပံ-မန္တလေး)၊ ထွန်းထွန်းလင်း (အား/ကာ သိပ္ပံ ရန်ကုန်)၊ ရဲထူးဇင်(ရထားပို့ဆောင် ရေး)၊ ဝေဖြိုးအောင်(အား/ကာ သိပ္ပံ ရန်ကုန်)၊ စောဆာရှီး (လယ်ယာ/ ဆည်မြောင်း)၊ရေမိုးအောင် (ပြည်ထဲ ရေး)၊ ကြည်မင်းစိုး(ကာကွယ်ရေး)၊ အမျိုးသမီးနော်ကပေါဖော (ရထား ပို့ဆောင်ရေး)၊ အေးအေးသန်း (ပြည် ထဲရေး)၊ စုကြည်အောင်(အား/ကာ သိပ္ပံ-မန္တလေး)၊ ခင်ဖြိုးသက်(အား/ ကာ သိပ္ပံ-မန္တလေး) သန်းတိုးခင်မျိုး အောင် (အား/ကာ သိပ္ပံ-ရန်ကုန်)၊ ဖြူဇင်ဦး (အား/ကာ သိပ္ပံ-ရန်ကုန်) နှင့် သီတာဝင်း (ပြည်ထဲရေး)တို့ ပါဝင်ကြသည်။ ။

(မြန်မာ့အလင်း)

လီဗာပူးတို့အန်ဖီးလ်၌သရေပွဲကြုံ ဆန်းဒါးလန်းတို့ နိုင်ပွဲဈေးဦးပေါက်

အားကစားသတင်းမှတ်စု - မောင်ချစ်ကြည်

လန်ဒန် စက်တင်ဘာ ၂၀

ပရီမီယာလိဂ်ပွဲစဉ်(၅)ကို စက်တင်ဘာ ၂၀ရက်က ဆက်လက်ယှဉ်ပြိုင်ရာ အိမ်ကွင်းအန်ဖီးလ်၌ လီဗာပူးတို့မမျှော်လင့်ဘဲ သရေကျခဲ့ပြီး ဆန်းဒါးလန်းတို့က အိမ်ကွင်းတွင် နိုင်ပွဲဈေးဦးပေါက်သွားခဲ့သည်။

လီဗာပူးနှင့် စတုတ်

အိမ်ကွင်းအန်ဖီးလ်၌ လီဗာပူးတို့ တန်းတက်စတုတ်အသင်းကို တစ်ဖက်သတ် ဖိကစားနိုင်ခဲ့သည်။ ဒရတ်ကွတ်၊ ရော်ဘီကိန်း၊ တောရက်စ်တို့ သုံးဦးကို တိုက်စစ်၌အပြည့်ထုတ်သုံးခဲ့သော်လည်း တစ်ဂိုးမျှမသွင်းနိုင်ခဲ့ချေ။ လီဗာပူးတို့ဂိုးသွင်းခွင့် ၁၇ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့ သော်လည်း တစ်ဂိုးမျှမသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ပွဲချိန် ၂၉မိနစ်၌ အလွန်ဆို စတုတ်ဂိုးဧရိယာအတွင်းမှ အပိုင်ကန်သွင်းမှုကို စတုတ်ဂိုးသမားသောမက်ဆိုရန်ဆင် ကာကွယ်နိုင်ခဲ့၍ လီဗာပူးတို့နစ်နာခဲ့ရသည်။ ထို့အတူ မိနစ် ၅၀၌ ဂျရတ်ကန်တင်ပေးလိုက်သည့် ထောင့်ကန်ဘောကို လီဗာပူးကွင်းလယ်ကစားသမား အယ်ဘာတိုခေါင်းတိုက်သွင်းချက်လည်း လွဲချော်သွားခဲ့သည်။

လီဗာပူးနှင့် စတုတ်တို့ပွဲတွင် လီဗာပူးတိုက်စစ်မှူး တောရက်စ် (ယာ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

တစ်ဖန် ၇၉မိနစ်၌ ဂျရတ် စတုတ်ဂိုးဧရိယာအတွင်းမှ ဘယ်ခြေဖြင့် ကန်သွင်းမှုလည်း ဘေးထွက်သွားသဖြင့် လီဗာပူးတို့ နစ်နာခဲ့ရပြန်သည်။

၈၃မိနစ်၌ အလွန်ဆို ခေါင်းတိုက်ချပေးလိုက်သည့် ဘောလုံးကို ဒရတ်ကွတ် ဘယ်ခြေဖြင့် မနားတမ်းကန်သွင်းမှုမှာလည်း လွဲချော်ခဲ့ရာမှ လီဗာပူးတို့ တစ်ဂိုးမျှမသွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ယခုပွဲ ဂိုးမရှိ သရေကျခဲ့ခြင်းမှာ အိမ်ကွင်း၌ လီဗာပူးတို့ပထမဆုံးသရေပွဲပင်ဖြစ်သည်။

ဆန်းဒါးလန်းနှင့် မစ်ဒယ်ဘရော့တို့ပွဲတွင် ဆန်းဒါးလန်းမှ ဆစ်စီ ခေါင်းတိုက်သွင်းမှုကို မစ်ဒယ်ဘရော့ ဂိုးသမား ထရန်ဘောလ် ဤသို့ ကာကွယ်နိုင်ခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဆန်းဒါးလန်းနှင့် မစ်ဒယ်ဘရော့

ဒီအော့ဖ်နှင့် ဆစ်စီတို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်ခဲ့သော နည်းပြ ရွိုင်ကိန်း၏ ဆန်းဒါးလန်းသည် မစ်ဒယ်ဘရော့ကို အသာစီးက မကစားနိုင်သော်လည်း ဂိုးသွင်းခွင့် ၂၁ကြိမ်ရရှိကာ အပိုင်ကန်သွင်းခွင့် ကိုးကြိမ်ရရှိခဲ့သည်။ သို့သော်လည်း ဆန်းဒါးလန်းတို့ မစ်ဒယ်ဘရော့၏ အဝင်အထွက်ရဲရဲဖြင့် ကစားမှုကြောင့် ပထမပိုင်းပွဲချိန်များ၌ ဂိုးမသွင်းနိုင်ခဲ့ချေ။

ဆန်းဒါးလန်းအတွက်အဖွင့်ဂိုးကို ပွဲချိန် ၈၁မိနစ်ရောက်မှသာ ရစ်ချတ်ဆင် ဖြတ်ပေးလိုက်သည့် ဘောလုံးကို ချော်ပရာက ညာခြေဖြင့်အနီးကပ်ကန်သွင်းယူလိုက်သဖြင့် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ မစ်ဒယ်ဘရော့တို့ ချေပဂိုးသွင်းယူနိုင်ရေးအတွက် ဒေါင်းနင်း၊ ဂျွန်ဆင်၊ အဖွန်ဆိုအဲလ်ဘတ်တို့ ကြိုးစားသော်လည်း ကန်ချက်များအပေါ်ထောင်၊ ဘေးထွက်နေခဲ့မှုကြောင့် ချေပဂိုး မသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ဆန်းဒါးလန်းအတွက် ဒုတိယဂိုးကို ပွဲချိန်၉၂မိနစ်၌ မဲလ်ဘရန့် ချပေးလိုက်သည့်ဘောလုံးကို မစ်ဒယ်ဘရော့ဂိုးဧရိယာအတွင်းမှ ချော်ပရာကပင် ညာခြေဖြင့် အပိုင်ကန်သွင်းယူခဲ့ခြင်းဖြစ်ပြီး ဆန်းဒါးလန်းတို့ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဝက်စ်ဟမ်း	၃-၁	နယူးကာဆယ်
ဘလက်ဘန်း	၁-၀	ဖူလ်ဟမ်
အာဆင်နယ်	၃-၁	ဘော်လ်တန်

ကိုးကား-အင်တာနက်

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

အီရတ်၌ သောင်းကျန်းသူများ၊ အယ်လ်ခိုင်ဒါတပ်များ ရှိသည်ဟု ၎င်းတို့ကစွပ်စွဲသည်။ လက်နက်ကိုင်တပ်များရှိသည်၊ မသင်္ကာဟု အကြောင်းပြကာ ဗုံးကြဲ၊ ဒုံးခွင်း၊ အမြောက်ထုခြင်းဖြင့် အီရတ်ကလေး၊ လူကြီး၊ မိခင်များ နေ့စဉ်သေနေကြရသည်။ မသင်္ကာဟူသော စကားလုံးသည် လူသတ်ခွင့်လိုင်စင်ပမာ ဖြစ်နေပြီဟု ဆိုနိုင်ပါသည်။

ကိုလိုနီလက်သစ် နယ်ချဲ့နိုင်ငံတို့၏ မတော်လောဘ စီမံကိန်းများတွင် ပြည်တွင်း အမျိုးသားသစ္စာဖောက် လောက်ကောင်များ၊ ပုဆိန်ရိုးများ၊ လက်ပါးစေ၊ လက်ဝေခံများကို ခွဲထုတ်အသုံးချမြဲဖြစ်ကြောင်း သတိပြုရမည် ဖြစ်သည်။

ယနေ့ကာလတွင် အင်အားကြီးနိုင်ငံအချို့က ၎င်းတို့ လိုလားသည့် ပုဂ္ဂိုလ်တစ်ယောက်၏ အကျိုးစီးပွားသက်သက်အတွက် ဘက်လိုက်ကာ ပြည်သူတစ်ရပ်လုံး၏မျက်နှာကိုမထောက်ဘဲ အခက်အခဲအမျိုးမျိုး ကြုံတွေ့စေရန် တစ်ဖက်စောင်းနင်း မမှန်သတင်းများကို ထုတ်လွှင့်ပြီး မတရားဖိနှိပ် လျက်ရှိပေသည်။

ဤအချက်ကို သတိကြီးစွာထား၍ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက စည်းလုံးညီညွတ်မှု၏ အစဉ်အလာကောင်း၊ အခြေခံကောင်းများဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် အညီ ငြိမ်းချမ်းသာယာဖွံ့ဖြိုးဝေစည်နေသည့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ယခုအခါ အဖျက်ရန်စွယ်အမျိုးမျိုးဖြင့် နှောင့်ယှက်နေသည့်ကြားမှပင် မျိုးချစ်စိတ်ဓာတ်နှင့် ဝံသာနုရက္ခိတတရား အပြည့်အဝရှိသော မြန်မာတိုင်းရင်းသားတို့၏ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများက အံ့မခန်း တိုးတက်ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုနှင့် ပြည်သူ့အကျိုး ထာဝစဉ်သယ်ပိုးသော အစဉ်အလာကောင်းများကြောင့် ပြည်သူတို့လိုလားသော ဒီမိုကရေစီခရီးစဉ်လည်း ခရီးပေါက်လာခဲ့ပြီ ဖြစ်သည်။

ပကတိအရှိတရားကို အတ္တသလ္လာ ဖုံးခဲ့သောကြောင့် အဖျက်လုပ်ရပ်များကို မှားယွင်းလုပ်ဆောင်မိသူများအနေဖြင့်လည်း ကိုယ့်ရေ၊ ကိုယ့်မြေ၊ ကိုယ့်လူမျိုးတွေထက် မြတ်နိုးချစ်ခင်စရာ ဤကမ္ဘာမှာမရှိကြောင်း နားလည်သဘောပေါက်ကာ ပြည်သူနှင့်အတူ လက်တွဲ၍ ဒီမိုကရေစီပန်းတိုင်သို့ ချီတက်သင့်ပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ရော်ဘာစိုက်ပျိုးရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

လားရှိုး စက်တင်ဘာ ၂၀

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း(ရုံးချုပ်)၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ လားရှိုးမိုတယ်၌ ရော်ဘာစိုက်ပျိုးရေးနှင့် ကုန်သွယ်မှု ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ၁၆ရက် နံနက်၈နာရီတွင်ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးဌေးအောင် တက်ရောက်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်က အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ရခြင်းများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်နယ်အကောက်ခွန် ညွှန်ကြားရေးမှူး ဦးယဉ်မင်းအောင်က ကုန်သွယ်မှုနှင့်ဆိုင်သော အကောက်ခွန်ဆိုင်ရာ လုပ်ငန်းကဏ္ဍများ၊ ပြည်နယ် မြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက မြေလွတ်မြေရိုင်း၊ မြေယာဆိုင်ရာများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှကုန်သွယ်မှုပြုလုပ်ရေးများ၊ နယ်စပ်ကုန်သွယ်ရေးဌာနမှ ရောင်းဝယ်တင်ပို့ရာတွင် လိုက်နာဆောင်ရွက်ရမည်များကို ဆွေးနွေးကြသည်။

တက်ရောက်

ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကုန်သွယ်မှုနှင့်ဆိုင်သော ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ ရော်ဘာလုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးကြောင်း သတင်းရရှိသည်။

(မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)

ဖျာပုံမြို့နယ် စာသင်ကျောင်းများဆောက်လုပ်ပြီးစီးမှုနှင့် ဖျာပုံ-ဘိုကလေး ကားလမ်းပြုပြင်မှု

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဖျာပုံခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၆ရက် နံနက်ပိုင်းက ဖျာပုံမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုနှင့် အလှူရှင်အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာမြတ်မြတ်အုန်းခင် ဆောက်လုပ်လှူဒါန်းသည့် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးသည် ဖျာပုံ-ဘိုကလေးကားလမ်း ပြုပြင်ပြီးစီးမှုအခြေအနေ၊ ဖျာပုံနှင့်ဘိုကလေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက လမ်းပြုပြင်မှုနှင့် ကူညီဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်တွေမြို့ ဝေသာလီရင်ပြင်အားကစားကွင်း ပွဲကြည့်စင်တည်ဆောက်မှု

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် စက်တင်ဘာ ၁၅ရက် မွန်းလွဲပိုင်းက (၉၉၉) တည်ဆောက်ရေးအဖွဲ့မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် စစ်တွေမြို့ ဝေသာလီရင်ပြင် အားကစားကွင်းအတွင်း ပွဲကြည့်စင် တည်ဆောက်ရေးလုပ်ငန်းနှင့် ရင်ပြင်ပတ်လည်တွင် စိုက်ပျိုးထားသော မိုးစပါးများကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။(အပေါ်ပုံ)

(သတင်းစဉ်)

စက်တင်ဘာ ၂၀ရက်က ကြည့်မြင်တိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းအမှတ်(၄)၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို ကျောင်းခန်းမတွင်ပြုလုပ်ရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မနော်ဖေလောလအား ကျောင်းအုပ်ဆရာကြီး ဦးသိန်းဟံက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၂၃)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ရွှေပြည်သာမြို့နယ် ရပ်ရွာပညာပဒေသာဌာန၌ ရင်းရင်းနှီးနှီး စကားဝိုင်းဖွဲ့ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ထူးထူးအောင်နှင့် ပညာရေးလုပ်ငန်းအဖွဲ့ခွဲ၊ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲတို့မှ အဖွဲ့ခွဲခေါင်းဆောင်များအား ယမန်နေ့ နံနက် ၉နာရီခွဲက ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက် ရပ်ရွာပညာပဒေသာဌာန၌ ရပ်ရွာပညာပဒေသာ ဌာနတာဝန်ခံ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ခရိုင်ပညာရေးအဖွဲ့ခေါင်းဆောင် ဒေါ်မေသဇင်က ရပ်ရွာပညာပဒေသာ ဌာနစတင်ထူထောင်မှု၊ ရပ်ရွာသူ ရပ်ရွာသားများ ဘဝသာယာရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်က ရပ်ရွာပညာပဒေသာဌာနသို့ လာရောက်အားပေးပံ့ပိုးကူညီရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ပညာရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်ဒေါ်စီစီအေးက ရပ်ရွာပညာပဒေသာဌာနကို ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်နှင့် အဖွဲ့ဝင်များသည် ရပ်ရွာသူများနှင့် ရင်းရင်းနှီးနှီးစကားဝိုင်းဖွဲ့ဆွေးနွေးကြပြီး ဝင်ငွေတိုးလုပ်ငန်းတစ်ခုဖြစ်သည့် စက်ချုပ်လုပ်ငန်း၌ ရပ်ရွာသူများ အမျိုးသမီးဝတ်အင်္ကျီချုပ်လုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များသည် ရပ်ရွာပညာပဒေသာဌာနသို့ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာစောင်များကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)ကို စက်တင်ဘာ ၁၃ရက် နံနက် ၉ နာရီက ဝင်းသူဇာအရောင်းဆိုင်ခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အဖွင့်အမှာစကားပြောကြားပြီး အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ မြို့နယ်အတွင်းရေးမှူး ဦးစိုးဝင်းကလက်ခံယူသည်။

ဂုဏ်ပြုလက်ဆောင်

ဆက်လက်၍ အလှူရှင်များ၊ မြို့နယ်အတွင်းရှိဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဆီကုန်သည်၊ ဆန်ကုန်သည်များက စုစုပေါင်း ငွေကျပ် ၁၁သိန်းလှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင်နှင့် တိုင်းတွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊ တိုင်းအလုပ်အမှုဆောင် ဦးတင်အောင်၊ ခရိုင်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက လက်ခံယူကြသည်။

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ငါးဘာသာဂုဏ်ထူးရှင်ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(မြို့နယ်ကြံ့ခိုင်ရေး)

ထို့နောက်ထူးချွန်စွာအောင်မြင်သူများနှင့် ရောဝတီတိုင်း လေဘေးပြန်လည်ထူထောင်ရေး လုပ်အားပေးအသင်းဝင်များအားဂုဏ်ပြုလက်ဆောင်နှင့် မှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

(မြို့နယ်ကြံ့ခိုင်ရေး)

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဖွဲ့စည်းခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ပြည်နယ်နှင့်တိုင်းမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းများကိုဖွဲ့စည်းပေးလျက်ရှိရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဖွဲ့စည်းခြင်း အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ကမာရွတ်မြို့နယ်ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစံသိန်း(ဝဲပုံ)က အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်များနှင့် စီမံကိန်းများတွင် ဆောင်ရွက်လျက်ရှိကြသော ဆရာဝန်ကြီးများက မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းများဖြင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကို ဒုတိယရဲမှူးကြီးစိုးအောင်မင်း(အငြိမ်းစား) ဥက္ကဋ္ဌအဖြစ်ပါဝင်သော အမှုဆောင် ၁၀ဦးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်သည်။

(သတင်းစဉ်)

လေဘေးသင့်ဒေသ ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၀

လေဘေးသင့်ဒေသနေ ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသော အလှူငွေများကိုဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

စက်တင်ဘာ ၁၀ရက်မှ ၁၉ရက်အထိ လှူဒါန်းကြသော အလှူရှင်များမှာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၃၄၀၉၄၀၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် ၁၁၆၄၆၇၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကယားပြည်နယ် လွိုင်ကော်မြို့ (ဧရာဝတီတိုင်းလေဘေးအလှူငွေ) လွိုင်ကော်၊ ဒီမော့ဆို၊ ဖရူဆိုအသင်းများက လှူဒါန်းငွေကျပ် ၅၈၀၅၅၀၊ စွမ်းအင်ဝန်ကြီးဌာနက ငွေကျပ် ၃၃၂၄၃၀၀၊ ဦးကျော်ဇေယျနှင့် ဒေါ်နန္ဒာဒေဝီတို့က ငွေကျပ် သိန်း ၇၀၊ Golden Flower Co.,Ltd. က လပွတ္တာမြို့နယ် ပြင်စလူဆိပ်ကျေးရွာ အုပ်စု မိချောင်းအိုင်ကျေးရွာ၌ လူနေအိမ် အလုံး ၁၀၀အတွက် ငွေကျပ် သိန်း ၆၀၀၊ ကြာညိုပန်း တိရစ္ဆာန်ကုဆေးခန်းမိသားစု (တောင်ဥက္ကလာ)က ငွေကျပ်တစ်သိန်း၊ ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်ဝင်းဝင်းမြနှင့်သားဖွားမီးယပ်ဆရာဝန်များက လူနေအိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ BHO LAI General Services Co.,Ltd. က လူနေအိမ်အလုံး ၅၀အတွက် ငွေကျပ် သိန်း ၃၀၀နှင့် Mitsubishi Motor(Thailand) Co.,Ltd.က ထိုင်းဘတ် ငွေ၅၀၀၀၀ တို့ဖြစ်သည်။

စက်တင်ဘာ ၁၀ရက်မှ ၁၉ရက်အထိ လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၁၄၅၅၉၂၄၉၀နှင့် ထိုင်းဘတ်ငွေ ၅၀၀၀၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်မှ အသုံးမလိုတော့သည့် မာဇဒါ-၉၂၉ ယာဉ်များနှင့် ဂျက်တာဆလွန်းယာဉ်များအား အောက်ပါအတိုင်း လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်-

ယသရ(၁) (မင်္ဂလာဒုံ)

(၂၆-၉-၂၀၀၈) မှ (၂၇-၉-၂၀၀၈)အထိ

ပစ္စည်းရှိရာတပ်	နေရာ	ပစ္စည်းအမျိုးအစား
ယသရ(၁)	မင်္ဂလာဒုံ	မာဇဒါ-၉၂၉ ယာဉ် ဂျက်တာဆလွန်းယာဉ်

ပယန (မန္တလေး)

(၂၉-၉-၂၀၀၈) မှ (၃၀-၉-၂၀၀၈)အထိ

ပစ္စည်းရှိရာတပ်	နေရာ	ပစ္စည်းအမျိုးအစား
ပယန(မန္တလေး)	မန္တလေး	မာဇဒါ-၉၂၉ ယာဉ် ဂျက်တာဆလွန်းယာဉ်

ပစ္စည်းများအား (၂၂-၉-၂၀၀၈) မှ (၂၄-၉-၂၀၀၈)အထိ ရုံးချိန်အတွင်း သွားရောက်ကြည့်ရှုနိုင်ပါသည်။

အမည်ပြောင်း

ရပ်စောက်မြို့ မြို့ကုန်ရပ်ကွက် ဘုရားကြီးလမ်း အမှတ်၁၂၂နေ အဖ ဦးမြင့်ကျော်၏သား မောင်အောင်ပိုင်ဦး ၁၃/ရစန(နိုင်)၀၈၉၈၁၇ တက္ကသိုလ်ဝင်တန်း(S) အထက (ဗထူး) အား မောင်ကျော်ဇေယှ ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

မြိတ်မြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဝေယံကျော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု စာရင်းအရ ဦးတင့်ဇော်ဦး ဖြစ်ပါကြောင်း။

ဦးတင့်ဇော်ဦး။

ဗုဒ္ဓဘာသာလက်စွဲကျမ်း (ပထမတွဲ+ဒုတိယတွဲ)

အလှူဒါနအားလုံးတို့တွင် တရားဓမ္မအလှူသည်သာ အမြတ်ဆုံးဖြစ်သည်ဟု ဂေါတမမြတ်စွာဘုရားဟောကြားခဲ့ရာ ဘုရား၏ တရားတော်များကို ဖတ်ရှုလေ့လာမှတ်သားကျင့်ကြံ အားထုတ်နိုင်ရန်အတွက် စေတနာကောင်းဖြင့် ဓမ္မစာအုပ်အဖြစ် ပြုစုဖြန့်ဖြူးလျက်ရှိရာ အလှူအတန်းများအတွက် ဗုဒ္ဓဘာသာ လက်စွဲကျမ်း(ပထမတွဲ+ဒုတိယတွဲ)ကို လှူဒါန်းနိုင်ပါကြောင်း ကလျာဏမိတ္တအနေဖြင့် အသိပေးနိုးဆော်အပ်ပါသည်။

(သာသနာရေးဝန်ကြီးဌာန)

စာအုပ်ရရှိနိုင်သောနေရာများ-

ဝိသုကြုံသင်္ကန်းပရိက္ခရာဆိုင်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။
ပဒေသရာဇာစာအုပ်ဆိုင်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။
ဝိသုကြုံစာအုပ်ဆိုင်၊ မြို့မဈေး၊ နေပြည်တော်။



အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ဥရောပ-အာရှကော်မာရှယ်ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သော Cool သွားတိုက်ဆေးနှင့် 3D သွားတိုက်ဆေးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ စံချိန်စံညွှန်းများနှင့် ကိုက်ညီကြောင်း အသိအမှတ်ပြု လက်မှတ်ကို ၁၂-၉-၂၀၀၈ရက်က ပေးအပ် ချီးမြှင့်ခံခဲ့ရကြောင်း သိရှိရ၍ **ဒေါ်သိန်းသိန်း** (National Sales & Marketing Director) နှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဦးစောဘဦး-ဒေါ်ခင်စန်းဦး

အရှေ့တိုင်း ကုန်မျိုးစုံဖြန့်ချိရေး၊ မော်လမြိုင်ကျွန်းမြို့။

အရာတော်မြို့နယ် မြို့တွင်းလမ်းခင်းရန် ကျောက်စုဆောင်း

အရာတော် စက်တင်ဘာ ၂၀

အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပိတောက်လမ်း ကျောက်ချောလမ်း အရှည်ပေ၁၂၀၀ ခင်းရန်အတွက် ကျောက်များဝယ်ယူစုဆောင်းထားခြင်းကို စက်တင်ဘာ ၁၂ရက်က အမှုဆောင်အရာရှိ ဦးသိန်းမင်းက လိုက်လံစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးသင်းအောင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျေးဇူးဆပ်ပါမည်

ဦးအောင်နိုင်လင်း၏ နိုင်ငံကူးလက်မှတ်အမှတ် ၉၈၉၇၅၁ နှင့် အမျိုးသား မှတ်ပုံတင်အမှတ် ၁/ရကန (နိုင်)၀၂၄၆၂၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၈၉-၇၁၂၃၂။

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

လှိုင်မြို့နယ်၊သီရိမွန်၊ မြေကေတစ်မတ်၊ RC နှစ်ထပ်၊ 2MBR+2BR၊ 4A.C+ Phone၊ ပါကေးခင်း၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ဂရန်အမည်ပေါက်၊ လူမနေရသေးပါ။

(အထူးလျှော့ဈေးဖြင့်ရောင်းမည်။)

ဆက်သွယ်ရန်-ဖုန်း-၀၁-၅၂၅၁၁၆၊ ၀၁-၅၀၃၆၂၄။

လမ်းပြုပြင်ရန် ငွေလှူဒါန်း

မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် စက္ကဝတ်၂လမ်း၊ ၃လမ်း၊ ၅လမ်း၊ ၆လမ်းနှင့် ဘုမ္မာလမ်းသွယ်တို့တွင် အများပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရန်အတွက် လမ်းခင်းပြုပြင်ရန်နှင့် စက္ကဝတ်၁လမ်း မြောင်းဆောက်လုပ်ရန်အတွက် ငွေကျပ်ခုနစ်သိန်းကို (ဈ)ရပ်ကွက် မဓာဝီလမ်းမကြီးနေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီး မမိုးပြည့်ပြည့်ဖြိုး(မုံရွာ ဆရာမိုးရှောက်တစ်လုံး ဝမ်းမှန်ဆေး မိသားစု)တို့က လှူဒါန်းရာ (ဈ)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်း လက်ခံယူစဉ်။ (၁၁၈)

မြန်မာနိုင်ငံ မိခင်/ကလေးစောင့်ရှောက်ရေးအသင်း ဒေါပုံမြို့နယ်၌ အာဟာရမုန့်များလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အန္တရာယ်ရှိသော ကိုယ်ဝန်ပျက်ကျခြင်းမှ ကာကွယ်ရေးလုပ်ငန်းစီမံချက်အရ စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ၁၇ရက်က ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်း၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အမှာစကား ပြောကြားခဲ့သည်။

ပေးအပ်လှူဒါန်း

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်စန်းစန်းဝင်း၊ စီမံချက်အရာရှိ ဦးသန်းဦး၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အာဟာရမုန့်များပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကင်းမြို့နယ် အလက(၅)ကျောင်းဝန်းကျင် ပေါင်းမြက်များရှင်းလင်းခြင်း၊ ရေအိုင်များမြေဖို့ခြင်းနှင့် ခြင်ဆေးဖျန်းခြင်းများကို စက်တင်ဘာ၂၀ရက်က ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်အောင်နှင့် ရန်ကင်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမျိုးခင်တို့ ဦးဆောင်သော အသင်းသူ အသင်းသားများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၇၀)

သတင်းဆောင်းပါး ဝေဝေဆာဆာဖြင့် ဖလားဝါးနယူးစ်ဂျာနယ် ယခုအပတ်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၀

ယခုအပတ်ထုတ် ဖလားဝါးစ်နယူးဂျာနယ် အတွဲ (၄)၊ အမှတ် (၃၇)တွင် **'စိတ်တွင်လှုပ်ရှား ဂိမ်းကစား လမ်းတော့မမှားစေချင်'** လူငယ်နှင့် ဂိမ်းအကြောင်း အထူးသတင်းဆောင်းပါးနှင့်အတူ ၁၉၉၄ကမ္ဘာ့ဖလားရ ဘရာဇီးလ်ဘောလုံးအသင်း နာဂစ်ရန်ပုံငွေ ချစ်ကြည်ရေး လာရောက်ကစားမည်။ ရေညှိမျိုးနွယ်စုများဖြင့် ဇီဝလောင်စာထုတ်နိုင်ရန် သုတေသနများပြုလုပ်၊ ကယ်ဆယ်ရေးစပိဘုတ်များ မြို့နယ်တိုင်းတွင်ထားရန် စီစဉ်၊ မြန်မာ- အိန္ဒိယပူးပေါင်းကာ အိုင်တီစင်တာ ၁၁ခု တည်ဆောက်မည်၊ စက်တင်ဘာနှင့် အောက်တိုဘာတွင် မုန်တိုင်းဖြစ်ပွားတတ်သဖြင့် ရေယာဉ်များသတိပြုရန်လို၊ တိုင်းရင်းဆေးဝါးများ ဘေးဖြစ်မဖြစ် ဆေးသုတေသနဦးစီးဌာနမှစမ်းသပ်၊ ပြည်တွင်းစားသောက်ကုန်များ အရည်အသွေးသာမက အဆင်ဒီဇိုင်းပါဆန်းသစ်ရန်လို၊ ဆေးဆိုင်တချို့တွင် ဆရာဝန်လက်မှတ်မပါဘဲ ဒိုင်ရာစီပင်အိပ်ဆေးရောင်းချမှုများရှိနေ စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ **'တစ်ပတ်ထဲမှာပြောစရာ (Quotes of the Week)' ကဏ္ဍ၊ ထိရောက်တဲ့ကြော်ငြာဆိုတာ…၊ ဈေးသည်ဈေးဝယ်စုံလို့ရယ်…**လူမှုဘဝရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိနေပြီဖြစ်သည်။

'နိုင်ငံရေးမဲဆွယ်ပွဲတွေမှာ အရေးပါတဲ့အကြောင်းကိစ္စဆိုတာ မပါရှိသလောက်ဖြစ်တယ်' ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး အာနိုးရှဝါဇင်နေဂါနှင့် တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ဂျော်ဂျီယာအရေးတွင် ရုရှားက ကိုယ့်ကိုယ်ကို ကာကွယ်ခြင်းသာဖြစ်၊ ခေါင်းနှစ်လုံးနှင့် လိပ်ကလေးမွေး၊ စပိုင်များ အလုပ်သမားအစည်းအရုံးကတ် ဆောင်ထားရတော့မည်။ ဘောလီးဝုဒ်သရုပ်ဆောင် အကျော်အမော်မိသားစု၏ ရုပ်ရှင်ကားများ သပိတ်မှောက်ခံရ၊ စင်ကာပူ လူ့စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းဟောင်း တရားစွဲခံရ၊ လူသတ်သမားတို့ဖျက်ဆီးထားသော လက်ဗွေရာကို နည်းပညာသစ်ကဖော်ထုတ်၊ အာကာသတွင်း တရုတ်လမ်းလျှောက်တော့မည်၊ ဇနီးမယား ချစ်သူရည်းစား ထမ်းပိုးပြေးပြိုင်ပွဲ ကျောင်းသားစုံတွဲအနိုင်ရ၊ တရုတ်တိရစ္ဆာန်ဥယျာဉ်၌ မျောက်စုံတွဲလက်ထပ်၊ ဂန္ဒီ၏ ရွှေ့လျားနိုင်သောအိမ်သာ ပြန်လည်ဖန်တီး၊ ဗင်နီဇွဲလားနှင့် အမေရိကန်ကြားမှုရန်စ စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e- Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို) သွားနှင့်ခံတွင်း ကျန်းမာရေးနေ့ ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)မှ ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ Symposium ကို စက်တင်ဘာ၁၄ရက် နံနက်၉နာရီက မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဘက်စုံခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ကောင်စီဝင်များ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို) အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် သွားနှင့်ခံတွင်း ဆရာဝန်များ စုံညီစွာတက်ရောက်ကြသည်။

ဟောပြောဆွေးနွေး

အခမ်းအနားအစီအစဉ် ပထမပိုင်းတွင် အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးသိန်းထွန်းက အမှာစကား ပြောကြားပြီးနောက် ပညာရပ်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဦးကိုကိုမောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ အသင်းကို ကူညီပံ့ပိုးပေးသော Cool သွားတိုက်ဆေးကုမ္ပဏီနှင့် Zifam ကုမ္ပဏီတို့အား အသင်းဥက္ကဋ္ဌက ဂုဏ်ပြုလွှာများ ပေးအပ်သည်။ ဆက်လက်၍ အစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခ ဦးမျိုးဝင်း၊ မေးရိုး၊ သွားနှင့်ခံတွင်း ခွဲစိတ်ကု ပညာပါမောက္ခ ဦးကိုကိုမောင်နှင့် သွားကုသမှုပညာ ပါမောက္ခ (ငြိမ်း) ဦးပွင့်ဖူးတို့က ရှုထောင့်အသီးသီးမှ ဟောပြောဆွေးနွေး ပို့ချခဲ့ပြီးနောက် ဟောပြောပို့ချသူများအား အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးသိန်းထွန်းက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

(မြန်မာ့အလင်း)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကျောက်ကြီးမြို့နယ်၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာများရရှိ

နေပြည်တော် စက်တင်ဘာ ၂၀

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ရှာပေါင်းကျေးရွာနေ ဦးစောရှာတီးသည် စက်တင်ဘာ ၁၉ ရက် နံနက်၁၁နာရီ ၁၅မိနစ်ခန့်တွင် ဝါးခုတ်ရန် တောထဲသို့သွားရောက်စဉ် သောင်းကျန်းသူများထောင်ထားသော နင်းမိုင်းတစ်လုံးအား နင်းမိသဖြင့် ဘယ်ခြေချင်းဝတ်ပြတ်ဒဏ်ရာနှင့် ညာခြေသလုံးရိုး ကြေမွဒဏ်ရာများရရှိခဲ့ကြောင်း ဦးစောရှာတီးအား မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးကုသမှုခံနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျွန်းလှမြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

ကျွန်းလှ စက်တင်ဘာ ၁၅

ကျွန်းလှမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို စက်တင်ဘာ ၂ရက် နံနက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ဦးအေးနိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမျိုးမြင့်ထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမင်းမျိုးထွန်းက သွေးလှူရှင်အသင်း ဖွဲ့စည်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက သွေးလှူရှင်မှတ်တမ်းကတ် ၅၀၀ကို မြို့နယ်ဆရာဝန်အား ပေးအပ်ပြီး သွေးလှူရှင်များအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ဘာသာစုံဂုဏ်ထူးရှင်၊ ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာဂုဏ်ထူးရှင်များနှင့် တိုင်း၊ ခရိုင်အဆင့် ဆုရရှိသူ အသင်းဝင်များအား ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။**(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ပန်းမောက် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် စည်းဝေး

ဗန်းမောက် စက်တင်ဘာ ၁၂

ကသာခရိုင် ဗန်းမောက်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈) အခမ်းအနားကို ဩဂုတ် ၃၀ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေလွင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်အသင်း အလုပ်အမှုဆောင် ဦးစိုးမင်းက အသင်း၏ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်တုန်းမြို့ အထက(၁)တွင် ဖွင့်လှစ်ပြသထားသော ဓာတ်ပုံ၊ စာအုပ်နှင့် နံရံကပ်စာစောင်ပြပွဲဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ရက်က ကျင်းပရာ ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်း၊ ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကိုကိုမောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၅၂)

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများကောင်းမွန်ရေး ဆောင်ရွက်

မြစ်ကြီးနား စက်တင်ဘာ ၁၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့များသန့်ရှင်းသာယာလှပရေး ညွှန်ကြားချက်(၁၆)ချက်နှင့်အညီ မြို့တွင်းလမ်းများ၊လိုင်းများ၊ချိုင့်ခွက်များနှင့် လမ်းပေါက်များ မရှိစေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ရက်က အငယ်တန်း အင်ဂျင်နီယာ(၂)ဒေါ်မော်မော်သိန်း ကြီးကြပ်သောအဖွဲ့ဝန်ထမ်းများသည် ဧရာဝတီရပ်ကွက်အတွင်းရှိ အောင်ဆန်းလမ်း ဆက်သွယ်သွားလာမှု ချောမွေ့ကောင်းမွန်စေရန် လမ်းပေါက်များဖာထေးဆောင်ရွက်မှုကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။**(ဝဲပုံ)**

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ရွှေကူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၂၈ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ နဝမတန်း(က)မှ မဇင်မေသန်းအား မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်နိုင်က ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (၁၇၉)

ခြင်ဆေးဖျန်းလုပ်ငန်း ကောလင်း၌ဆောင်ရွက်

ကောလင်း စက်တင်ဘာ ၁၂

ကောလင်းမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင် ဦးဆောင်သောအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် ဈေးရုံဗိုလ်တဲရပ်ကွက် ဥက္ကဋ္ဌဦးမြသိန်းတို့သည် ဩဂုတ်၃၀ရက်က ဈေးရုံဗိုလ်တဲရပ်ကွက်၊ ကျော်ဇေယျာရပ်ကွက်နှင့် မြောက်အင်းရပ်ကွက်အတွင်းရှိ နေအိမ်များ၊ ပညာရေးဘော်ဒါဆောင်များသို့ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းသိမ်းက ကြီးကြပ်ဆောင်ရွက်ပေးသည်။ (ဝ၃၂)

အောင်လံမြို့၌ ကျေးလက်နေပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ကျောက်ပန်းတောင်း-အောင်ချမ်းသာ- ရွှေညောင်ပင် ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးတို့ ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

စစ်တွေခရိုင် ပြန်/ဆက် ဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ သုံးသပ်ဆွေးနွေး

စစ်တွေ စက်တင်ဘာ ၁၈

စစ်တွေခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဝန်ထမ်းများ စာဖတ်ဝိုင်းကို စက်တင်ဘာ ၁၆ ရက်က ရပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အခန်း(၁)နှင့် (၂)ကို အကြီးတန်းစာရေး ဒေါ်စိန်ရွှေကလည်းကောင်း၊ တက္ကသိုလ်မြတ်သူ၏ မြန်မာတို့ရဲ့ အမျိုးသားစိတ်ဓာတ်ကို နှဲ့နိုင်စွမ်းမရှိတဲ့ ကိုလိုနီစော်နံမီဒီယာများ ဆောင်းပါး(၁)နှင့် လက်ရုံးမြားမြောင် ဉာဏ်မြားမြောင်ဖြင့်(၃)ကို အငယ်တန်းစာရေး ဒေါ်သိန်းသိန်းခိုင်က လည်းကောင်း ဖတ်ကြားပြီး မြို့နယ်ဦးစီးမှူး ဦးသိန်းတန်အောင်က စာဖတ်ရခြင်း၏ အကျိုးကျေးဇူးကို ရှင်းလင်းပြောကြားပြီး ပြန်လည် သုံးသပ်ဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဖားကန့်မြို့၌ ပန်းအလှပင်များ ပြုပြင်

ဖားကန့် စက်တင်ဘာ ၁၀

ဖားကန့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးသန့်ရှင်းသာယာရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူးဦးမျိုးသန့်စင် ဦးဆောင်သော ဝန်ထမ်းများ ဈေးကြီးဝန်းကျင်တွင် စိုက်ပျိုးထားသော ပန်းအလှပင်များ ဖြတ်ညှိပြုပြင်ခြင်းနှင့် ပေါင်းမြက် ရှင်းလင်းခြင်းစသည့် လုပ်ငန်းများဆောင်ရွက်မှုကို စက်တင်ဘာ ၁ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြင်းကကုန်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(အိတ်ချိန်းရုံး)မှ ဝန်ထမ်း ဦးတင်ဝင်း ခေါင်းဆောင်သော ဆက်သွယ်ရေး ဝန်ထမ်းများ ဩဂုတ် ၂၆ရက်က ဖုန်းတိုင်များ အသစ်စိုက်ထူခြင်းနှင့်ဖုန်းကြိုးများပြန်လည် အသစ်ဆက်သွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။ (၁၅၉)

ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်ပတ်လည်စည်းဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်

မော်လမြိုင် စက်တင်ဘာ ၁၇

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်း ကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ရက်က ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရွေးချယ်

အခမ်းအနားတွင် မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမျိုးညွန့်၊ မြို့နယ်ပညာရေးမှူး ဒေါ်ရွှေမိနှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်အေးတင့်ရီတို့က အမှာစကားပြောကြားပြီး အမှုဆောင်ရွေးချယ်ရေး ညှိနှိုင်းဆွေးနွေးကြသည်။

ဆုချီးမြှင့်

ယင်းနောက် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ သံဖြူဇရပ်မြို့နယ် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ပထမဆုရ ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမကြီး ဒေါ်အေးတင့်ရီအား ရွှေစင်ဆု **(အပေါ်ပုံ)**နှင့် လေးဘာသာဂုဏ်ထူးရှင် မောင်အောင်သူရဖြိုးအား မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးခင်မောင်ဦးကဆုချီးမြှင့်သည်။ **(ဝ၁၄)**

စလင်းမြို့နယ်စည်ပင် ကျောက်ချောလမ်းခင်း တံတားတည်ဆောက်

စလင်း စက်တင်ဘာ ၁၂

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် စေတီလှကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းနှင့် စေတီလှ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသိန်းထွန်းဦး တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ရက်က အမှုဆောင်အရာရှိ ဦးသန်းဦး ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

(၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ

စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၀

၂၀၀၈ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ လှုင်ယာ အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ကြည့်ရှုအားပေး

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူး များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာ ရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရဗိုလ်စွဲ

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က အဖွင့် အမှာစကားပြောကြားရာတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံး ပြိုင်ပွဲကို ၁၉၆၂ခုနှစ်ကတည်းက နှစ်စဉ် မပျက် မကွက် ကျင်းပပေးခဲ့ပြီး ယခုပြုလုပ်သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့် အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ

စာမျက်နှာ ၉ ကော်လံ ၁ ❍

အမှာစကားပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် ၂၀၀၈ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လူငယ့်အတွေး

❖ ဆယ့်ရှစ်နှစ်သား ကျွန်တော်ဟာ
မဲဆန္ဒလည်း ပေးခဲ့ပါ။
မြန်မာပြည်ကို ကျွန်တော်ချစ်
လူသစ်စိတ်သစ် အတွေးသစ်။

❖ တိုးတက်နေတဲ့ သည်ခေတ်မှာ
အဟောင်းအနွမ်းတွေ စွန့်ပစ်ပါ။
တစ်ခါတုန်းက ဆိုတဲ့စကား
နောက်မှာ ကျန်နေခဲ့ပြီးသား။

❖ ရှေ့ဆက်သွားဖို့ မျှော်မှန်းရည်
အနာဂတ်နိုင်ငံတော်ဆီ။
ပြည်သူတပ်မတော် လက်တွဲလို့
အောင်ပွဲရယူစို့။ ။

မင်းချမ်းမြေ့(မြန်အောင်)

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး စွပ်ပြုတ်ချက်လုပ်မှု

နယူးဇီလန်နိုင်ငံ မာနူကူမြို့တွင် မြို့သူမြို့သားများ စုပေါင်း၍ ကမ္ဘာပေါ်၌ အကြီးဆုံး စွပ်ပြုတ်ချက်ပြုတ်မှုတစ်ရပ်ကို စက်တင်ဘာ ၁၈ရက်ကပြုလုပ်ခဲ့ကြရာ ကမ္ဘာ့အကြီးဆုံး စွပ်ပြုတ်ချက်လုပ်မှုအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ *စာမျက်နှာ ၆ ကော်လံ ၄* ●

မဲခေါင်ဒေသနိုင်ငံများချစ်ကြည်ရေးအားကစားပြိုင်ပွဲ မြန်မာလူငယ်ပြေးခုန်ပစ်အားကစားအဖွဲ့

ရွှေနှစ်ခု၊ငွေငါးခုနှင့် ကြေးရှစ်ခုဆွတ်ခူးရရှိခဲ့

သတင်းမှတ်စုနှင့်ဓာတ်ပုံ
ဖိုးသော်ဇင်

စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို

ရန်ကုန် စက်တင်ဘာ ၂၀

မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၁၀ရက်မှ ၁၅ရက်အထိ ကျင်းပခဲ့ပြီး မြန်မာအားကစားအဖွဲ့ သုံးဖွဲ့အနက် မြန်မာလူငယ်ဘောလုံးအသင်းက အနိုင်ရဗိုလ်စွဲ ရွှေတံဆိပ်ရရှိပြီး မြန်မာလူငယ်ပြေးခုန်ပစ်အဖွဲ့ကလည်း ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ်ရှစ်ခု ဆွတ်ခူးရရှိကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည်။ စာမျက်နှာ ၁၁ ကော်လံ ၁ ■

မဲခေါင်ဒေသ နိုင်ငံများ ချစ်ကြည်ရေး အားကစား ပြိုင်ပွဲတွင် အောင်ပွဲရခဲ့သော မြန်မာလူငယ်ပြေးခုန်ပစ်အဖွဲ့။
(မြန်မာ့အလင်း)

21-9 (20).pmd 1 9/22/2008, 2:47 AM